မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ်(၃၂၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်းဝ ရေလမ်းကြောင်းချဲ့ထွင်မှု

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်လိုက်ပါလျက် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်း လက်ပံကုန်းစခန်းသို့ ရောက်ရှိသည်။

မှာကြား

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တွံတေးတူးမြောင်း လက်ပံကုန်းစခန်း၊ ကမ်းပါးအခြေအနေ၊ ရေလမ်းကြောင်းထိန်းသိမ်းမှုအခြေအနေ၊ ရေလမ်းကြောင်းတိုးချဲ့သွားမည့်အစီအစဉ်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြို့ကြီးရေလွှဲဆည် သဲထုတ်ရေတံခါးမှ သဲများ၊ အမှိုက်များ၊ စစ်ထုတ်ပြီးရေများ စီးဆင်းဝင်လာသည်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော မြို့ကြီးရေလွှဲဆည်အတွင်းသို့ ဇော်ဂျီမြစ်ရေများ ဝင်ရောက်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

လယ်ယာဖွံ့ဖြိုး အကျိုးဖြစ်ထွန်းစေသည့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ

မြို့ကြီးရေလွှဲဆည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မှ မိတ္ထီလာ၊ မိတ္ထီလာမှ ကျောက်ဆည်မြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ခရီးဆန့်ခဲ့သည်။ မိုးနှောင်းကာလဖြစ်သော်လည်း မိုးမရွာ၊ လေမတိုက်သဖြင့် နေအပူကြောင့် အိုက်စပ်နေသည်။ သတင်းအဖွဲ့သည် ဝင်းမှည့်နေသော မိုးစပါးစိုက်ခင်းများကို ငေးမောရင်း လိုက်ပါခဲ့၏။ မော်တော်ယာဉ်သည် မိတ္ထီလာ-မန္တလေးကားလမ်း မိုင်တိုင် ၃၉၅ အနီး ဟန်မြင့်မိုရ်ကျေးရွာလမ်းခွဲမှ ကိုးမိုင်အတွင်းသို့ ဝင်လိုက်သည်နှင့် မြို့ကြီးရေလွှဲဆည်သို့ ရောက်ရှိသည်။ မြို့ကြီးရေလွှဲဆည်ကား ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကုန်း၊ တောင်ကြော၊ တောင်သွယ်များမှ မြစ်ဖျားခံစီးဆင်းလာသော ဇော်ဂျီမြစ်ရေကို ဆည်ရေသောက်ဧရိယာများသို့ ရေပေးဝေရန် တည်ဆောက်ထားခြင်းဖြစ်သည်။

မြစ်ကြောင်းရေလွှဲပေး

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဦးစီးအရာရှိ ဦးစံမင်းထွန်းက ရေလွှဲဆည်တည်ဆောက်နေရာသို့ လိုက်လံပို့ဆောင်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

➤ သတင်းဆောင်းပါး - ကျော်စိန် ➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဩဂုတ် ၃၀ ရက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ စဉ်ဆက်မပြတ်ကြည့်ရှုစောင့်ရှောက် ရောဂါပပျောက်ရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းပါဝင်

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်သော ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ နိုင်ငံတကာအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ်လ ၂၁ရက်မှ ၂၂ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးရရှိရေးနှင့်ပတ်သက်၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု ၉၀ရာခိုင်နှုန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ ထုတ်လုပ်နိုင်ပြီး ယခုအချိန်တွင် ကာကွယ်ဆေးကို နိုင်ငံကြီးများအပါအဝင် နိုင်ငံခြောက်နိုင်ငံ၌ ကာကွယ်ဆေးအာနိသင် သက်ရောက်မှုနှင့် ပတ်သက်၍ လူများ၌စမ်းသပ်လျက်ရှိသည်။

ယင်းစမ်းသပ်မှုနှင့်စပ်လျဉ်း၍ ၂၀၀၉ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ဆေးကို အသုံးပြုနိုင်မည်ဖြစ်ပြီး ကာကွယ်ဆေးများကို အဓိကအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများကသာ ပိုမိုအသုံးပြုနိုင်မည့် အခြေအနေဖြစ်သည်။

ယင်းအစည်းအဝေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးပိုမိုရရှိရေးနှင့် နိုင်ငံတကာဆေးဝါးထုတ်လုပ်သော ကုမ္ပဏီများသည် ကာကွယ်ဆေးဈေးနှုန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရောင်းချသော ဈေးနှုန်းထက် လျှော့နည်းကာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် အနည်းငယ်သာအမြတ်ရရှိသောဈေးနှုန်းကို ကျင့်သုံးဆောင်ရွက်သင့်ကြောင်းနှင့် သို့မှသာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများအနေဖြင့် ကာကွယ်ဆေး လုံလောက်စွာ ဝယ်ယူအသုံးပြုနိုင်မည် ဖြစ်ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ အသက်ဆုံးရှုံးမှုမရှိခဲ့ဘဲ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀ဦးသာရှိခဲ့၍ ၂၄ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိပြီး ကျန်လူနာခြောက်ဦးကို စနစ်တကျပြုစု စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကို လူထုအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မှုနှင့် ရောဂါဖြစ်ပွားမှု ရှိ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက ကျန်းမာရေးအသိဖြင့် ဝိုင်းဝန်းပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၀-၈-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့် ဘဲရုပ်ဆိုး** (အပိုင်း-၂)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကြင်နာသူတို့ရင်ခုန်သံ**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၂၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ လျှပ်တစ်ပြက်
၆း၃၀ ၁၂။ ဘဝကြေးမုံ **ငါးသိန်းတန်လျှို့ဝှက်မှု** သူရလင်း၊ မိုးထက်ပိုင်၊ ဝါဝါအောင်၊ ခိုင်ပွင့်၊ ဒါရိုက်တာ-မေတင်(MMG)
၆း၄၅ ၁၃။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ချစ်သံစဉ်** (အပိုင်း-၁၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၂၇)
၂၂။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၇)

ဖျာပုံမြို့နယ် ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဟိုတယ်/ခရီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ဖျာပုံခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြစ်ရိုးတစ်လျှောက်၌ ရေလုပ်သားများ၏ ရေလုပ်ငန်းဆောင်ရွက်နေမှု၊ ပင်လယ်ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုပြီး အချာလေးကျေးရွာအုပ်စု အဖောင်ကျေးရွာ စာသင်ကျောင်း၌ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တံတားပြုပြင်စရိတ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်ပအလှူရှင်တစ်ဦး ဆောက်လုပ်လှူဒါန်းထားသော ပေ၆၀ အရှည်ရှိ အဖောင်ကျေးရွာ ချောင်းဖြတ်စတီးလ်ကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး အချာလေးကျေးရွာ ရွာတွင်းလမ်း အမာခံလမ်းသား ဆောင်ရွက်ထားရှိမှုနှင့် ရွာလယ်ချောင်းကူးတံတား ပြန်လည်ပြုပြင်ရမည့်အခြေအနေတို့ကို စစ်ဆေးကာ ရပ်မိရပ်ဖတစ်ဦးထံ တံတားပြုပြင်စရိတ် ငွေများကို ထောက်ပံ့ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဖျာပုံတမံကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများနှင့် ဖျာပုံတမံကျေးရွာ ရွာလယ်ချောင်းကူးတံတား ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ပစ္စည်းများပေးအပ်ခဲ့

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပုလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၄ရက်က အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်က အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်ဖြစ်ရေး ဗိုလ်တထောင် စာပန်းအိမ် စာကြည့်တိုက်၌ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၉

ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်မှု ဖွံ့ဖြိုးရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားစနစ်ကျင့်သုံးရေး ဆွေးနွေးပွဲကို ဗိုလ်တထောင် မြို့နယ် အမှတ် (၇)ရပ်ကွက်ရှိ စာပန်းအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ဩဂုတ် ၂၆ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာကြည့်တိုက်ရှင်သန်ရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကို ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးခင်ဌေး၊စာကြည့်တိုက်မှူး ဦးအုန်းသောင်း၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌ ဦးခင်ဌေးက စာပန်းအိမ် စာကြည့်တိုက်၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး စံ(၅)ချက်နှင့် ပြည့်စုံသော ခိုင်မာစာကြည့်တိုက်ဖြစ်ရေး ဆက်လက် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

(ယာပုံ) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **အားကျစရာကောင်းသောဘဝ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၃)
၈း၃၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၉း၂၀ Sports World (Sunday Special)
၉း၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ဘယ်သူ့ကိုအချစ်ဆုံးလဲ**
၁၀း၂၀ ပွင့်သောပန်းတိုင်းလန်းဆန်းစေရာ စာပန်းအိမ်မှာ
၁၀း၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (Italian အစားအစာပြုလုပ်နည်း)
၁၁း၀၀ ကလောဈေးနေ့
၁၁း၁၅ ဗီဒီယိုပြခန်း
၁၁း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ကိုစိန်ဝင်း၏ တေးများ (တေးစု-ဒုတိယ)
၁၁း၅၅ ပျော်ရွှင်ဆင်နွှဲ မင်္ဂလာပွဲ
၁၂း၁၅ လူငယ်နှင့် ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁း၀၀ **အားကျစရာကောင်းသောဘဝ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၅၀ စကားနပန်း (ပိန်တာလှတယ်၊ဝတာလှတယ်)
၃း၃၅ တေးဂီတအစီအစဉ်
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Mr. Crusher & Ms.Quench ကာယဗလမောင်နှင့် ကာယ အလှမယ်ပြိုင်ပွဲ)
၄း၁၅ အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၄း၂၅ ပွင့်သောပန်းတိုင်း လန်းဆန်းစေရာ စာပန်းအိမ်မှာ
၄း၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ဘယ်သူ့ကိုအချစ်ဆုံးလဲ**
၅း၂၅ Sports World (Sunday Special)
၆း၀၀ MRTV-4 သတင်း
၆း၂၅ VJ Choice
၆း၅၀ ဈေးဝယ်လမ်းညွှန် (Charles & Keith)
၇း၃၀ Sports World (Sunday Special)
၇း၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (Italian အစားအစာပြုလုပ်နည်း)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ပိန်တာလှတယ်၊ ဝတာလှတယ်)
၉း၁၀ ဗီဒီယိုပြခန်း
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၃)
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ကိုစိန်ဝင်း၏ တေးများ (တေးစု-ဒုတိယ)
၁၀း၂၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ် (BOXING)
၁၁း၃၀ ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၁း၄၅ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဇီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁း၅၀ ဆွာချောင်းရေလှောင်တမံ
၁၂း၀၀ အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၂း၁၀ VJ Choice
၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Mr. Crusher & Ms.Quench ကာယဗလမောင်နှင့် ကာယ အလှမယ်ပြိုင်ပွဲ)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Portsmouth - Man City	ESPN (Live)
၈း၂၅	Everton - Wigan	STAR SPORTS (Live)
၉း၂၅	Aston Villa - Fulham	ESPN (Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လက်ပံကုန်းကျေးရွာဘက်ကမ်းတွင် တွံတေးတူးမြောင်းအား ရေလမ်းကြောင်း ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လက်ပံကုန်းကျေးရွာဘက်ကမ်းတွင် တွံတေးတူးမြောင်းအဝအား ရေလမ်းကြောင်းချဲ့ထွင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ပံကုန်းစခန်းကမ်းပါးအား ထိန်းသိမ်းပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆိပ်ခံဖောတံတားနှင့် ကမ်းနားများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယမြို့တော်ဝန်နှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဆိပ်ခံဖောတံတား အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပုံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများကို အားပေးစကား ပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဆေးရုံဝင်းအတွင်း တိုးချဲ့တည်ဆောက်မည့် ဓာတ်မှန်ခန်းမြေနေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန (ပေါင်းလောင်း)၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ နှီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ရေအားလျှပ်စစ် ထုတ်လုပ်ရေးဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်သည့် Coleco Power Engg. Ltd. မှ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ရှင်းလင်း

နှီးနှောဖလှယ်ပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပမှ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် ၁၅ဦးတို့က ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု ပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယအကြိမ် ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဒုတိယအကြိမ် ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုပညာရပ် နှီးနှောဖလှယ်ပွဲတွင် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အာဟာရတိုက်ကျွေး

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘများက ကျောင်းသားကျောင်းသူများအား အာဟာရ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ရန်ကုန်အနောက်ပိုင်းခရိုင်၌ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် မွန်းလွဲပိုင်းက အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က ရန်ကုန်အနောက်ပိုင်းခရိုင် (၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေကြသော ရွှေတံဆိပ် ၁၅ဆုရှင် ဖိုးသကြီးနှင့်အဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဆုရရှိသည့် လသာမြို့နယ်အား ခရိုင်ဥက္ကဋ္ဌက တံခွန်စိုက်ဖလားကို ချီးမြှင့်ရာ လသာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးဝင်းက လက်ခံယူသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အမျိုးသမီးများ နေ့စဉ် ဖြည်းဖြည်းမှန်မှန် အပြေးလေ့ကျင့်ပါလျှင် ကိုယ်အလေးချိန်လျော့ကျပြီးအဝလွန်မှု ကာကွယ်နိုင်

အမျိုးသမီးများအနေဖြင့် နေ့စဉ် အနေးအပြေးလေ့ကျင့်ခန်း မိနစ် ၂၀ခန့် ပြုလုပ်ပေးပါက ကိုယ်အလေးချိန် ကျဆင်းစေပြီး အဝလွန်မှုကို ဟန့်တားထိန်းချုပ်နိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

နည်းလမ်းများပြား

ကိုယ်အလေးချိန်လျော့ကျမှုနှင့် အဝလွန်မှု မဖြစ်ပွားစေရေး ကာကွယ်နိုင်ရန် နည်းလမ်းများစွာရှိသော်လည်း အနေးအပြေးလေ့ကျင့်ခြင်းကို နေ့စဉ်နံနက်တိုင်း ပြုလုပ်ပေးပါက အထိရောက်ဆုံးနည်းဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကျဆင်း

အမျိုးသမီးများအနေဖြင့် အသက် ၃၅နှစ် ကျော်လာသည့်အခါ ကိုယ်ခန္ဓာအလေးချိန် တိုးမြင့်ပြီး အဝလွန်မှုဖြစ်ပေါ်လာတတ်ရာ အပြေးလေ့ကျင့်ခြင်းသည် ခန္ဓာကိုယ်အတွင်း ကယ်လိုရီပမာဏ အများဆုံး ကျဆင်းစေကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

ထို့ကြောင့် အမျိုးသမီးများသည် သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးရက်ခန့် အနေးအပြေး လေ့ကျင့်သင့်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

● *ကျောဖုံးမှ*

၂၄ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာ ခြောက်ဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျပြုစုစောင့်ရှောက်လျက်ရှိရာ အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၂၁၁ဦးအား ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၃၀ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုပ်တိုး

အမေရိကန်နှင့် ကိုလံဘီယာစစ်ရေးသဘောတူညီမှု တောင်အမေရိက အဖွဲ့အစည်းများ ကန့်ကွက်ဆန္ဒပြ

ဘာရီလိုချေ ဩဂုတ် ၂၉

တောင်အမေရိကခေါင်းဆောင်များက အာဂျင်တီးနားနိုင်ငံ ဘာရီလိုချေမြို့သို့ ဩဂုတ် ၂၈ရက်တွင် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် စုရုံးလာကြစဉ် တောင်အမေရိက အဖွဲ့အစည်း ၂၀ကျော်၏ ကိုယ်စားလှယ်များက ဘာရီလိုချေမြို့လယ်၌ ကန့်ကွက်ဆန္ဒပြကြသည်။

ကိုလံဘီယာနိုင်ငံ စစ်စခန်းများကို အမေရိကန်တပ်ဖွဲ့ဝင်များ အခြေချခွင့်ပေးမည့် အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

ကိုလံဘီယာ လေတပ်စခန်းငါးခုနှင့် ရေတပ်စခန်းနှစ်ခုကို အမေရိကန်တပ်ဖွဲ့ဝင်များအား အသုံးပြုခွင့်ပေးရန် နှစ်နိုင်ငံ ဆွေးနွေးပြီးဖြစ်သည်။

ဆွေးနွေး

အာဂျင်တီးနားတောင်ပိုင်းရှိ ဘာရီလိုချေမြို့ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နှင့် ကိုလံဘီယာစစ်ရေးသဘောတူစာချုပ်ကိစ္စကို တောင်အမေရိကနိုင်ငံများမှ သမ္မတခေါင်းဆောင်များက ဆွေးနွေးကြမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ဆပ်ကပ်စွမ်းရည်ပြ

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ တရုတ်ဆပ်ကပ်အဖွဲ့၏ စွမ်းရည်ပြပွဲတစ်ရပ်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပြည်သူခြောက်ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဩဂုတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းဆက်လျက်ရှိသည့် ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ဒေသအတွင်း အမေရိကန် မောင်းသူမဲ့လေယာဉ်၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံးပြည်သူခြောက်ဦး သေဆုံးသွားကြောင်း ရုပ်မြင်သံကြားဌာနက ဩဂုတ် ၂၇ရက်တွင် ကြေညာသည်။

တိုက်ခိုက်

ယင်းဖြစ်ပွားမှုသည် တောင်ဝါဇီရစ္စတန်ဒေသရှိ ကာနီကူရမ်ကျေးရွာမှ နေအိမ်တစ်လုံးကို မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်သဖြင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်။

အဆိုပါ တိုက်ခိုက်မှုသည် ထိုဒေသတွင် တစ်လအတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် (၄)ကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာနိုင်ငံ မြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ကာတာဂီနာမြို့အနီး၌ ကိုလံဘီယာ ရေတပ်က သိမ်းဆည်းနိုင်ခဲ့သည့် ဘိန်းဖြူ ၅၅၃ကီလိုကို ရေတပ်သင်္ဘောပေါ်တွင် ခင်းကျင်းပြသထားသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လက်မှုပညာပြိုင်ပွဲ

တရုတ်နိုင်ငံ ကျင်စုပြည်နယ်တွင် တတိယအကြိမ်မြောက် လက်မှုပညာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသူများအား ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မူးယစ်ဆေးဝါး ချက်လုပ်ရေးစခန်း ဗင်နီဇွဲလား ရဲတပ်ဖွဲ့ဖျက်ဆီး

ကရာကတ်စ် ဩဂုတ် ၂၉

ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်း ကိုလံဘီယာနယ်စပ်ရှိ ဇူလီရာပြည်နယ်မှ မူးယစ်ဆေးချက်လုပ်ရေး စခန်းလေးခုကို ဗင်နီဇွဲလားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ဖျက်ဆီးပစ်လိုက်ကြောင်း အာဏာပိုင်များက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးအတွင်း ဆေးခြောက် ကီလိုဂရမ် ၄၀၀ နှင့် ကိုကင်းအများအပြား ပါဝင်သော အရည်ကီလိုဂရမ် ၃၀၀ကို သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

အဆိုပါ မူးယစ်ဆေးချက်လုပ်ရေး စခန်း၌ လုပ်ကိုင်သူများသည် ကိုလံဘီယာ နိုင်ငံအတွင်းသို့ ထွက်ပြေးသွားကြသည်ဟု ဆိုသည်။

ပါဝင်

ဗင်နီဇွဲလား အစိုးရအနေဖြင့် ယခုနှစ်အတွင်း၌ မူးယစ်ဆေးချက်လုပ်သည့် စခန်း ၁၀ခုကို ဖျက်ဆီးခဲ့ပြီး မူးယစ်ဆေးဝါး တန် ၄၀ကို သိမ်းဆည်းရမိကာ လူ၄၀၀၀ကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးမိသူများတွင် နိုင်ငံခြားသား ၂၄၀ ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

တက္ကဆက်ကောလိပ် ကျောင်းသား ၈၀ တုပ်ကွေးရောဂါ လက္ခဏာတွေ့ရှိ

ဟူစတန် ဩဂုတ် ၂၉

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ ကောလိပ်ကျောင်းတစ်ကျောင်းမှ အနည်းဆုံးကျောင်းသား ၈၀သည် ကျောင်းဖွင့်စတွင်ပင် တုပ်ကွေးရောဂါလက္ခဏာများတွေ့ရသည်။ အချို့ကျောင်းသားများမှာ A(H1N1) တုပ်ကွေးရောဂါ ဖြစ်နိုင်သည်ဟု ကျန်းမာရေးအရာရှိများက ယုံကြည်ကြောင်း ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ပြင်ဆင်ထား

နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများမှ တာဝန်ရှိသူများနှင့် ပြည်သူ့ကျန်းမာရေး အရာရှိများအနေဖြင့် တုပ်ကွေးရောဂါ ဖြစ်ပွားတတ်သည့် ရာသီတွင် A(H1N1) တုပ်ကွေးရောဂါ မပျံ့နှံ့ရေး ထိန်းချုပ်ရန် ပြင်ဆင်ထားကြသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်ပြည် အနောက်မြောက်ပိုင်း အင်အားပြင်းငလျင်လှုပ်

ရှီနင် ဩဂုတ် ၂၉

တရုတ်ပြည်အနောက်မြောက်ပိုင်း ကင်ဟိုင်းပြည်နယ်တွင် ဩဂုတ် ၂၈ရက် နံနက် ၉ နာရီ ၅၂မိနစ်က ဗီဒသမ ၄ရစ်ချ်တာစကေးအင်အားရှိ ငလျင်လှုပ်ကြောင်း တရုတ်မြေငလျင်တိုင်းတာရေးဌာနက ကြေညာသည်။

မကြားရသေး

အဆိုပါ မြေငလျင်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ပစ္စည်းဆုံးရှုံးပျက်စီးမှုသတင်းများ မကြားရသေးဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နီပေါ၌ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း မြှင့်တင်ရန် စီစဉ်ဆောင်ရွက်

ခတ္တမန္ဒူ ဩဂုတ် ၂၉

၂၀၁၁ခုနှစ် နီပေါကမ္ဘာလှည့်ခရီးသွားနှစ်အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် နီပေါကမ္ဘာလှည့်ခရီးသွားကုမ္ပဏီများအဖွဲ့ (အင်န်အေတီတီအေ)အနေဖြင့် တရုတ်နိုင်ငံမြို့ကြီးများတွင်တရုတ်လမ်းပြပွဲများကို သွားရောက်ကျင်းပမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ခင်းကျင်းပြသ

အဆိုပါ တရုတ်လမ်းပြပွဲများကို ပေကျင်း၊ ရှန်ဟိုင်းနှင့် ဟောင်ကောင်တို့တွင် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါရှိ

နီပေါနိုင်ငံသို့ ယခင်နှစ်က လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များအနက် ၂၇ ရာခိုင်နှုန်းမှာ တရုတ်ပြည်မှ လာရောက်သူများဖြစ်ပြီး ခရီးသည်စုစုပေါင်း ၃၃၃၁၆ဦးရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ *(အင်တာနက်)*

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ ဘတ်စ်ကားဂိတ်၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၉

အီရတ်နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ယခုတိုင် ဆက်လက်ဖြစ်ပေါ်နေမှုကြောင့် အီရတ်ပြည်သူများ တည်ငြိမ်မှု မရရှိနိုင်သေးပေ။

သေဆုံး

၄င်းနိုင်ငံမြို့ ကြီးများမှ အမေရိကန်တပ်များ စတင်ရုပ်သိမ်းခဲ့ပြီးနောက် အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်ရာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးလျက်ရှိသည်။

ထုတ်ပြန်

ဘဂ္ဂဒက်မြို့၌ ဩဂုတ် ၂၈ရက် စောစောပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

သေဆုံး

ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သော ဖောက်ခွဲတိုက်ခိုက်မှုနှင့် သီးခြားတိုက်ပွဲများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်တွင် တိုက်ပွဲဖြစ် သူပုန်နှစ်ဦး သေဆုံး

မနီလာ ဩဂုတ် ၂၉

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် သူပုန်များနှင့်ကင်းလှည့်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ သူပုန်နှစ်ဦးသေဆုံးကြောင်း အာဏာပိုင်များက ဩဂုတ် ၂၈ရက်တွင် ပြောကြားသည်။

ဆွေးနွေး

ဆာမာပြည်နယ်မြောက်ပိုင်း လော့ပ်ဒီဗီဂါမြို့တွင် ကင်းလှည့်တပ်ဖွဲ့က ပုံမှန်ကင်းလှည့်နေစဉ် အင်န်ပီအေသူပုန်အဖွဲ့ဝင် ၃၀ခန့်နှင့်ရင်ဆိုင်တွေ့ကာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အင်န်ပီအေသည် ဖိလစ်ပိုင်ကွန်မြူနစ် ပါတီ(စီပီပီ)မှ ခွဲထွက်ခဲ့သည့် အဖွဲ့ဖြစ်သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

အိုင်ဖုန်းများ တရုတ်ဈေးကွက်တွင်ရောင်းမည်

တရုတ်နိုင်ငံ၏ မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော ယူနီကွန်းက တရုတ်ဈေးကွက်သို့ အိုင်ဖုန်းများထုတ်လုပ်ရောင်းချသွားရန် အက်ပဲလ်ကုမ္ပဏီနှင့် သဘောတူလိုက်ပြီဖြစ်သည်။

ယူနန်ပြည်နယ်၌ ဓာတ်ငွေ့များ ယိုစိမ့် အဆိပ်သင့်၍ လူ ၁၅ ဦးသေဆုံး

တရုတ်နိုင်ငံ အလယ်ပိုင်း ယူနန်ပြည်နယ် ဘိုင်ဟူခရိုင်တွင် ဩဂုတ် ၂၉ရက်က သတ္တုတွင်းတစ်တွင်း၌ အဆိပ်ဓာတ်ငွေ့ထွက်ရှိမှုကို ရှူရှိုက်မိသည့်အတွက် ၁၅ ဦးသေဆုံးခဲ့ကြောင်း ဘိုင်ဟူခရိုင် အရာရှိများက ပြောကြားသည်။

စူးအက်တူးမြောင်းအနီး ရေနံတင် သင်္ဘောနစ်မြုပ်

စူးအက်တူးမြောင်းအား ဖြတ်သန်းရန် ဦးတည်နေသော ပနားမားနိုင်ငံ အလံလွှင့်ထူထားသည့် ရေနံတင် သင်္ဘောတစ်စင်း ယင်းတူးမြောင်းအနီးတွင် ဩဂုတ် ၂၉ရက်က နစ်မြုပ်ခဲ့ကြောင်း ၊ သင်္ဘောသား ၂၄ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ပနားမား အရာရှိများက ပြောကြားသည်။ (အောက်ပုံ)



ကမ္ဘာတစ်ဝန်း A(H1N1) ဖြင့် သေဆုံးသူ ၂၁၈၅ဦးရှိပြီဟု ကြေညာ

ကမ္ဘာတစ်ဝန်းတွင် A(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေမှာ ဩဂုတ် ၂၉ ရက်၌ ၂၁၈၅ဦးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန် ကြေညာသည်။

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ် အောင်မြင်စွာ လွှတ်တင်လိုက်ပြီ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဩဂုတ် ၂၈ရက် ဒေသစံတော်ချိန် ည ၁၁နာရီ ၅၉မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း နာဆာအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အင်ဒိုနီးရှား ကာလီမင်တန်ပြည်နယ်၌ ခရီးသည်တင် ကူးတို့သင်္ဘောနစ်မြုပ်

အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ပြည်နယ် နီဂါရာမြစ်အတွင်း၌ ခရီးသည် ၁၀၀ကျော် တင်ဆောင်လာသော ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ၂၁ဦး ပျောက်ဆုံးလျက်ရှိပြီး ကျန်ခရီးသည်များကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အိန္ဒိယ အရံဂြိုဟ်လ လေ့လာရေးယာဉ် အဆက်အသွယ်ပြတ်တောက်

အိန္ဒိယနိုင်ငံက ပထမဆုံးလွှတ်တင်လိုက်သော အရံဂြိုဟ်လ လေ့လာရေးယာဉ် ချန်ဒရာယန်-၁ နှင့် မြေပြင်စခန်းတို့ ဩဂုတ် ၂၉ရက် ဒေသစံတော်ချိန် နံနက် ၁နာရီခွဲက စတင်ကာ အဆက်အသွယ်ပြတ်တောက်သွားကြောင်း၊ သို့ရာတွင် ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒရာယန်-၁ကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၂ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယအာကာသရေးရာ အရာရှိများက သတင်းထုတ်ပြန်သည်။ (အင်တာနက်)

စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရေး ပြန်/ဆက်ဦးစီးမှူးများ ကွင်းဆင်းဆောင်ရွက်

တောင်ငူ ဩဂုတ် ၂၉

တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်သည် ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဖြစ်စေရေးနှင့် စာငှားစနစ် ဆောင်ရွက်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် ဇူလိုင်၁၀ရက်၌ တောင်ငူမြို့နယ် ဦးစီးမှူးဦးကျော်စိုးလင်းနှင့်အတူ ငါးဖယ်အင်းကျေးရွာ မြတ်ရတနာစာကြည့်တိုက်၊ မိုးကောင်းရွာသစ်ကျေးရွာ ပညာအလင်းတံခါးစာကြည့်တိုက်၊ ကျောင်းကုန်းကျေးရွာ ထွန်းသစ္စာစာကြည့်တိုက်၊ မထင်ကျေးရွာ ပညာ့ဘဏ်စာကြည့်တိုက်များသို့လည်းကောင်း၊ ဇူလိုင် ၁၁ ရက်နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ် ဦးစီးမှူးဦးစိုးကြိုင်နှင့်အတူ ရုံးလေးရပ်ကွက်ရှိ ရုံးလေးစာကြည့်တိုက်၊ ကျွဲပွဲကျေးရွာ လမ်းပြကြယ်စာကြည့်တိုက်၊ ညောင်ခြေထောက်ကျေးရွာ ဝတ်မှုံကောင်းကင်စာကြည့်တိုက်များသို့လည်းကောင်း၊ ညနေပိုင်းတွင် ဖြူးမြို့နယ် ဦးစီးမှူးဒေါ်ဆွေဆွေမိုးနှင့်အတူ သာယာကုန်းကျေးရွာ ရွှေပြည်သာ အလင်းတန်းစာကြည့်တိုက်သို့လည်းကောင်း ရောက်ရှိပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဖြစ်စေရေးနှင့် စာငှားစနစ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုးရွာသွန်းလေသမျှ

၂၉-၈-၂၀၀၉

နေပြည်တော်	၀ ဒသမ ၄၀ လက်မ
ကော့သောင်း	၄ ဒသမ ၈၁ လက်မ
ပဲခူးမြို့	၂ ဒသမ ၆၃ လက်မ
မချမ်းဘော	၂ ဒသမ ၀၅ လက်မ
ထားဝယ်	၂ ဒသမ ၀၅ လက်မ

မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်များ ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဩဂုတ် ၁၇ရက်တွင် မြောက်ဦးမြို့ တောင်ရပ် ရပ်ကွက်အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ မြို့မစည်ပင်သာယာဈေးအတွင်းစားသောက်ကုန်၊ လူသုံးကုန်များရောင်းချနေမှုနှင့် အရန်မီးသတ်တပ်ဖွဲ့ရုံးဆောက်လုပ်မည့် မြေနေရာတို့ကိုလည်းကောင်း၊ အောင်ဒတ်ရပ်ကွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း အဆောက်အအုံပြုပြင်တည်ဆောက်ထားမှုအခြေအနေများကိုလည်းကောင်း၊ မင်းပြားမြို့နယ် ဆပ်ကျာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သံရှင်ကျေးရွာ အမှတ်(၁၀၉) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၂၈) အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြားချောင်းစံပြကျေးရွာ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ တည်ဆောက်ရေးပစ္စည်းများ၊ ဂျာနယ် စာစောင်များနှင့်သီဟိုဠ်မျိုးသန့် မျိုးစေ့များကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြေပုံမြို့နယ် ကြာအင်းတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်၍ တည်ဆောက်ရေးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ ဂျာနယ် စာစောင်များနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ချီးမြှင့်

တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် အမ်းမြို့ အမ်းတပ်နယ်ခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးသည် အဆိုပါခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

(၁၇)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် ညနေ၆နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြပြီး လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကြီးကို တံခွန်စိုက်ဒိုင်းဆုရအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဌာနချုပ်မှူးကလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ကယားပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဩဂုတ် ၂၄ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော ဂန္ဓာဟေဝန်ပျိုးဥယျာဉ်ကိုလည်းကောင်း၊ မော်တော်ယာဉ်သိုလှောင်ရုံရှိ ယာဉ်ယန္တရားများကိုလည်းကောင်း၊ ဦးသီရိလမ်းအား ကတ္တရာခင်းပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဝန်ထမ်းများ နှင့်လည်းကောင်း၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများ၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်တို့မှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများအားလည်းကောင်းတွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၅ရက်တွင် ပင်းတယမြို့ မြို့နယ်ခန်းမ တိုးချဲ့တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ အမှာစကား ပြောကြားသည်။

ကြည့်ရှု

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၆ရက်တွင် ရွာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော မြို့ရေပေးရေး ရေစုကန်အမှတ်(၁)သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက မြို့ပေါ် ရပ်ကွက်များသို့ နေ့စဉ်ရေဖြန့်ဝေပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကိုမှာကြားကာ ဆရာစံလမ်း ကတ္တရာခင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့ပိုင်ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၈-၂၀၀၉)ရက်

၂၀၀၉ခုနှစ် စက်တင်ဘာလအတွက် (၁၃-၉-၂၀၀၉)ရက် နှင့် (၂၇-၉-၂၀၀၉)ရက်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၀၉ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၇နာရီက လှိုင်မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်မှူးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက်တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ ၂၀၀၉ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့သစ်တောလုပ်ငန်း(ရုံးချုပ်) ငွေစုငွေချေး သမဝါယမ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၆ ရက် နံနက် ၁၀နာရီက မြန်မာ့သစ်လုပ်ငန်း အစည်းအဝေးခန်းမ (အလုံမြို့နယ်)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အလုံမြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးလှထွန်းနှင့်တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌဦးခင်မောင်ဗိုလ်နှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသူအသင်းသားများ တက်ရောက်ကြသည်။

ရွေးချယ်

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဗိုလ်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးလှထွန်းတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၀၈-၂၀၀၉ခုနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်ခင်သက်အေးက ဖတ်ကြားပြီး ယာယီအစားထိုး အတွင်းရေးမှူးနှင့် အမှုဆောင်များကို အသင်းသားများက ရွေးချယ်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်တိုင်းအတွင်းရှိ လမ်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဌာနမှူးများလိုက်ပါ၍ ဩဂုတ်၂၇ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ရေတာရှည်လမ်း လမ်းအဆင့်မြင့်ရေးနှင့် မိုးရာသီတွင် ရေလျှံမှုမရှိစေရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ မရမ်းကုန်းမြို့နယ် သံသုမာလမ်းအဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးတို့အတွက် ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းမှုလုပ်ငန်းများ **(အပေါ်ပုံ)**၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း လမ်းအဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးတို့အတွက် အပိုင်းလိုက်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရန်ကင်းမြို့နယ် မြောက်မြင်းပြိုင်ကွင်းလမ်း လမ်းအဆင့်မြင့်ရေးနှင့် မိုးရာသီတွင် ရေလျှံမှုမရှိစေရေးတို့အတွက် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်

ရန်ကုန် ဩဂုတ် ၂၉

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၆ရက်က မော်လမြိုင်မြို့ရှိ ရာမညအားကစားကွင်း၌ကျင်းပရာ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် မုပွန်ရပ်ကွက် ဘောလုံးအသင်းနှင့် မြေနီကုန်းရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မုပွန်ရပ်ကွက်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က ပထမဆုရ မုပွန်ရပ်ကွက်ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုတို့ကို လည်းကောင်း **(ယာပုံ)**၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေက ဒုတိယဆုရ မြေနီကုန်း ရပ်ကွက်ဘောလုံးအသင်းအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးအဖွဲ့မှူး ဦးသိုက်စိုးမိုးနှင့် တာဝန်ရှိသူများက အကောင်းဆုံးဆု ရရှိသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ဘောလုံးအသင်း ၂၆သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

တိုင်းရင်းဆေးဒီပလိုမာလက်မှတ် အပ်နှင်းမည်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးသိပ္ပံ၏ (၁၇)ကြိမ်မြောက် တိုင်းရင်းဆေးပညာ ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက်တွင် ကျင်းပမည်ဖြစ်ရာ အမှတ်စဉ် (၂၉)နှင့် (၃၀)မှ အလုပ်သင်ကာလအပါအဝင် အောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (တိုင်းရင်းဆေး)

စာကြည့်တိုက် ဆင့်ပွားသင်တန်းဖွင့်ပွဲ

ဆင်ပေါင်ဝဲမြို့နယ်တွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးဆွေးနွေးပွဲကို ဩဂုတ်၁ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ စံ(၅)ချက်ညီရေး ကွင်းဆင်းဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သိန်းသန်းဌေးနှင့်ဝန်ထမ်းများသည် ဩဂုတ်၂၆ရက်က နားခေါ်ကျေးရွာအုပ်စု လွယ်ခေါ်ကျေးရွာ ပညာ့ရိပ်မွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ကွင်းဆင်းပြီး စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံညီညွတ်ရေး၊ လက်ရှိကျင့်သုံးနေသော စာငှားကတ်စနစ်ဆောင်ရွက်ရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကို ဆွေးနွေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

လူထုအခြေပြုစီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်းဆင်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန)၏ အစီအစဉ်အရ ကနီမြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် လူထုအခြေပြု ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်း အမှတ်(၆/၂၀၀၉)သင်တန်းဆင်းပွဲကို ဩဂုတ် ၁၀ရက် ညနေ ၃နာရီက တွင်းကျေးရွာ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရီက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သန့်လေးသန့်ကျေးရွာအဆင့် အသိပညာပေးဆွေးနွေး

သန့်လေးသန့်ဆိုင်ရာ ကျေးရွာအဆင့် အသိပညာပေးဆွေးနွေးပွဲဖွင့်ပွဲကို နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန်ကျေးရွာ အလက(၁)အစည်းအဝေးခန်းမ၌ ဩဂုတ် ၇ရက် နံနက် ၉နာရီခွဲကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရှင်ဇာနန်က သန့်လေးသန့်ဆိုင်ရာ ဗဟုသုတများနှင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဟောပြောဆွေးနွေးသည်။ (၂၆၆)

မိုးညှင်း၌ ကျောင်းကျန်းမာရေး ပညာပေး

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်သီတာသန်းစိုးဦး ဦးဆောင်၍ ကျောင်းကျန်းမာရေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးမှုများကို အမကအောင်သပြေ(၁)၌ ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီက ကျင်းပရာ ကျန်းမာရေးဆရာမဒေါ်ခင်ထွေးက ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်တွင်းမှုသင်တန်းဆင်းပွဲ ကျင်းပ

ချင်းပြည်နယ် ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းဆင်းပွဲကို သင်တန်းခန်းမ၌ ဩဂုတ်၁၄ရက် နံနက်၉နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရသူ သုံးဦးကို ဆုများချီးမြှင့်ပေးသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှက သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေမြောင်းနုန်းဆယ်ခြင်း၊ အမှိုက်သန့်ရှင်းခြင်းတို့ဆောင်ရွက်ခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့်ဝန်ထမ်းများ၊ အောင်ချမ်းသာရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းညီညီမောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၈၂)

ပခုက္ကူ၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

ပခုက္ကူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ စားသောက်ဆိုင်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ရက် နံနက် ၁၀နာရီက အဆိုပါရုံးခန်းမ၌ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးမိုးနိုင်က စားသောက်ဆိုင်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ (၀၇၀)

ရေဦးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာအုပ်စု အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရေဦးမြို့ မြို့မပြည်သူ့အားကစားကွင်း၌ ဩဂုတ် ၁၄ရက် ညနေ ၃နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ဘောလုံးအသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (၀၃၄)

မွန်ပြည်နယ် သထုံခရိုင်အတွင်း ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် ပေါင်မြို့နယ် သဲအိမ် ကျေးရွာအပါအဝင် ကျေးရွာအများအပြား ကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ခရိုင် ချင်းဆက်လမ်း တစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာ။

✻ *ကျော့ဖုံးမှ*

မွန်ပြည်နယ် သထုံခရိုင်အတွင်း ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာအပါအဝင် ကျေးရွာအများအပြားကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ခရိုင်ချင်းဆက်လမ်း တစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုး တိုးတက်လာနေပေပြီ။

တည်ရှိ

သဲအိမ်ကျေးရွာသည် ပေါင်မြို့နယ်၏ အရှေ့ဘက် မိုင်၂၀ခန့်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ကော့ကဒိုက်ကျေးရွာ၊ အနောက်ဘက်တွင် ကတိုက်ကျေးရွာ၊ တောင်ဘက်တွင် ဆင်ရွာကျေးရွာနှင့် မြောက်ဘက်တွင် ဒုံသမိမြစ်တို့ တည်ရှိ

သည်။ ဧရိယာစတုရန်းမိုင် ၁၉ ဒသမ ၆၂ ကျယ်ဝန်းသည်။

တစ်ပိုင်တစ်နိုင်

သဲအိမ်ကျေးရွာ၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ယခုနှစ် မိုးစပါးစိုက်ဧက ၁၁၃၈လျာထားရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ နွေစပါး ၁၀၉၆ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ ရော်ဘာကို စပါးပြီးလျှင် ဒုတိယ အများဆုံး စိုက်ပျိုးကြသည်။ လက်ရှိ ရော်ဘာ စိုက်ဧကတစ်ထောင်ကျော်နှင့် ငရုတ်ကောင်း ၁၃၆ ဧက စိုက်ပျိုးပြီး ဖြစ်သည်။ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း(ဆောင်း)နှင့် နေကြာတို့ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။

သတင်းအဖွဲ့သည် ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးရေးသားရန် ပေါင်မြို့နယ် သဲအိမ်ကျေးရွာသို့ သွားရောက်လေ့လာခဲ့သည်။ သဲအိမ်ကျေးရွာသို့ ရောက်လျှင်ပင် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ချောနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ ''ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အဓိက ကောင်းမွန်ခြင်းကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ဖွံ့ဖြိုးလာသကဲ့သို့ ရော်ဘာခြံများနှင့် မြေယာဈေးနှုန်းပါ တစ်ဟုန်ထိုး မြင့်တက်လာလျက်ရှိကြောင်း''ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး

သဲအိမ်ကျေးရွာသည် ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲ၍ ဖွံ့ဖြိုးမှုနည်းခဲ့ပြီး ယခုအခါ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လာသဖြင့် စီးပွားရေးလုပ်ငန်းများ ပွင့်လန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာလျက်ရှိကြောင်း တွေ့ရသည်။ ပညာရေးကဏ္ဍအနေဖြင့် အထကသဲအိမ်၊ အမကမဲဘောင်၊ အမကရွာလေးနှင့် အမက အင်ကြင်းကုန်းကျောင်းများ ဖွင့်လှစ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို အလုပ်အကျွေးပြုနိုင်မည့် အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေး သင်ကြားလေ့ကျင့်ပေး လျက်ရှိသည်။

ကျန်းမာရေး

ကျေးရွာနေပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက်၍ တိုက်နယ် တာဝန်ခံဆရာဝန် ဒေါက်တာမြင့်ထွေးအား တွေ့ဆုံမေးမြန်းခဲ့သည်။ ''သဲအိမ်ကျေးရွာ တွင် ကျေးလက်ကျန်းမာရေးဌာနအပြင် တိုက်နယ်ဆေးရုံတစ်ရုံကို နိုင်ငံတော်နှင့် ပြည်သူထည့်ဝင်ငွေဖြင့် တည်ဆောက်လျက် ရှိကြောင်း၊ ယခုအခါ တည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီ ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှု အခွင့် အလမ်းများ ပိုမိုရရှိလာတော့မည်ဖြစ် ကြောင်း၊ ပေါင်မြို့နယ် သဲအိမ်တိုက်နယ် ဆေးရုံတွင် တိုက်နယ်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုနှစ်ဦးနှင့် သူနာပြု ဆရာမနှစ်ဦးတို့ ခန့်ထားပြီး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိကြောင်း'' ပြောကြား သည်။

> ''ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူ ပြုလျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၏ ချောင်းကူး ကွန်ကရစ် တံတားနှင့် လမ်းပိုင်း....။''

တိုက်နယ်ဆေးရုံ

သဲအိမ်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် သဲအိမ် ကျေးလက်ကျန်းမာရေးဌာန နယ်မြေရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးရွာ ၁၉ ရွာရှိ ပြည်သူ တစ်သောင်းခွဲကျော်အပြင် နီးစပ်ရာ ကျေးရွာအုပ်စုများဖြစ်သည့် ဆင်ရွာကျေးရွာ

> ''လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာခဲ့လို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာ ''
>
> ဦးမောင်ချော
>
> ကျေးရွာဥက္ကဋ္ဌ

အုပ်စုနှင့် သထုံမြို့နယ် ညောင်ချောင်း ကျေးရွာအုပ်စုမှ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်တော့မည် ဖြစ်သည်။

စာကြည့်တိုက်

ကျေးလက်ပြည်သူများ စာပေလေ့လာ ဗဟုသုတတိုးပွားပြီး အသိပညာ မြင့်မား လာရေးအတွက် စံ(၅)ချက်နှင့်ကိုက်ညီ သည့် ရွှေအလင်းစာကြည့်တိုက် ဖွင့်လှစ် ထားသည်ကို တွေ့ရသည်။ အသင်းဝင်ကြေး ထည့်ဝင်ပြီး စာငှားကတ်စနစ်ဖြင့် စာအုပ် စာပေများ ငှားရမ်းဖတ်ရှုနေကြသည်။ စာကြည့်တိုက်မှူးတစ်ဦးထားရှိပြီး နေ့စဉ် နံနက် ၈နာရီမှ ၉နာရီ၊ ညနေ ၅နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ထားရာ စာဖတ် ပရိသတ်များ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် နှင့် ရသစုံစာပေများ ဖတ်ရှုလေ့လာနေကြ ကြောင်း သိရသည်။

> **ဖတ်ရှုလေ့လာ**
>
> ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ရွှေအလင်းစာကြည့်တိုက်တွင် စာဖတ်ပရိသတ်များ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရသစုံစာပေများ ဖတ်ရှုလေ့လာကြစဉ်။

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း သဲအိမ်အပါအဝင် စခန်းကြီး၊ ညောင်ချောင်း၊ အင်ကွဲ၊ မဲဘောင်၊ သစ်ခေါင်၊ ရွာလေး၊ ဆင်ရွာနှင့် ရှမ်းကုန်းစသည့် ရွာများကို ဖြတ်သန်းဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက်လမ်းအား အပိုင်းလိုက် မြေသားလမ်း၊ ကျောက်ခင်းလမ်း ပြုပြင် ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်လာသဖြင့် သွားရေး သာ၍ လာရေးဖြောင့်လျက်ရှိသည်။

> ''ယခုအခါ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းတွေ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်လို့ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများ ပိုမိုရရှိလာပါတော့မည်''
>
> ဒေါက်တာမြင့်ထွေး
>
> တိုက်နယ်တာဝန်ခံဆရာဝန်

ဖွံ့ဖြိုးတိုးတက်မှု

ယခုအခါ သဲအိမ်ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်မှုသည် အခြားမြို့ရွာများကဲ့သို့ တိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ခရိုင်ချင်းဆက်လမ်းများ၊ မြို့ပြနှင့် ကျေးလက် ဆက်သွယ်သည့် လမ်းများ ကြောင့် ကျေးရွာနေပြည်သူများ၏ လူမှု စီးပွားဘဝ တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ် ပါကြောင်း ကွင်းဆင်းစေ့ငု မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၉

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာခဲ့ကာ တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

__ဩဂုတ် ၃၀ ရက်ညနေအထိခန့်မှန်းချက်မှာ__ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့် အတင့်ရှိမည်။

__နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင်__ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက် အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြစ်ရေများစီးဝင်နေ

လက်ယာဘက် ဇော်ဂျီမြစ်ပေါက်ကို မြေသားတမံဖြင့် ပိတ်ဆို့ပြီး လက်ဝဲဘက် ရေလွှဲဆည်ဘက်သို့ တူးမြောင်းဖောက်လုပ်ထားသဖြင့် မြစ်ရေများ စီးဝင်နေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

**** ရှေ့ဖုံးမှ***

မြို့ကြီးရေလွှဲဆည် တည်ဆောက်ရခြင်းနှင့်ပတ်သက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးခင်မောင်ဝေက "ဇော်ဂျီရေလှောင်တမံ

"ဇော်ဂျီမြစ်ရေနဲ့ ရေဆင်းဧရိယာရေများ ထိန်းချုပ် ဖြန့်ဝေနိုင်ရန် မြို့ကြီး ရေလွှဲဆည် တည်ဆောက်ရခြင်းဖြစ်ပါတယ်"
ဦးခင်မောင်ဝေ
လက်ထောက်ညွှန်ကြားရေးမှူး
(စက်မှု)
တည်ဆောက်ရေး(၇)၊
မြို့ကြီးရေလွှဲဆည်။

မှ စီးဆင်းလာသော ဇော်ဂျီမြစ်ရေကို ထိန်းသိမ်းပေးပြီး လွှတ်ချပေးသော ရေနှင့် ဇော်ဂျီရေလှောင်တမံနဲ့ မြို့ကြီးရေလှောင်တမံကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ် သိုလှောင်ကာ မြို့ကြီးရေလွှဲဆည်မှတစ်ဆင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၇၀၀၀၀၀နှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပမာဏ ၄၄၅၆၀၅ဧကပေခန့် ထုတ်လွှတ်ပေးဝေရန် ဖြစ်ပါကြောင်း၊ ဘိုးတော်ကြီးတောင်ခြေရှိ ဇော်ဂျီမြစ် အကျဉ်းဆုံးနေရာကို ပိတ်ဆို့ပြီး မြောင်းမတော်ရှိရာ ရေလွှဲဆည်ဘက်သို့ မြစ်ကြောင်းရေလွှဲပေးရပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

ထည်ထည်ဝါဝါ

မြို့ကြီး ရေလွှဲဆည်ပေါင်ပေါ်တက်ရောက် လေ့လာခဲ့ကြသည့်အခါတွင်ကား ကျယ်ဝန်းသော ဆည်ပေါင်မျက်နှာပြင်၊ ခိုင်ခံ့စွာ တည်ဆောက်ထားသောထုထည်တို့ကြောင့်ထည်ထည်ဝါဝါ ရှိနေသည်ကို မြင်တွေ့ရသည်။ ဆက်လက်ပြီးရေလွှဲဆည်တည်ဆောက်ရေး ဦးစီးအရာရှိ ဦးဝင်းကိုက "ရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်း၏ ပြောင်းပြာမြောင်းနဲ့ ငလိုင်းဇင်မြောင်းဆုံရာအထက်သို့ ရေဖြည့်ဆည်းပေးရန်အတွက် ၁၂မိုင်ရှည်သော မြို့ကြီးမြောင်းမတော်ကို ထည့်သွင်းဖောက်လုပ်ထားပါကြောင်း၊ မြို့ကြီး

"မြို့ကြီးရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၃၅၅၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မှာ ဖြစ်ပါတယ်"
ဦးဝင်းကို(ဦးစီးအရာရှိ၊မြို့ပြ)
တည်ဆောက်ရေး(၇)။

ရေလွှဲဆည်မှ မြို့ကြီးမြောင်းမတော် တိုက်ရိုက် ရေသောက်ဧက ၄၁၅၀၊ ပြောင်းပြာမြောင်း ရေသောက်ဧက ၁၈၅၅၀နှင့်ငလိုင်းဇင်မြောင်းရေသောက်ဧက ၁၂၈၀၀ စုစုပေါင်းဧက ၃၅၅၀၀ တို့သို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း"ဖြင့် ဖြည့်စွက် ပြောကြားသည်။

တည်ဆောက်ထား

ကျယ်ဝန်းသော လယ်ယာမြေများ၊ ဆည်ရေသောက်ရသဖြင့် ဝင်းဝါနေသော စပါးစိုက်ခင်းများကို မြို့ကြီးရေလွှဲဆည်ပေါ်မှ မြင်တွေ့ရသည်။ မိုးမရွာမှာမပူပင်ရတော့သည့်မြင်ကွင်း၊ ဆည်ရေကို လုံလောက်စွာရရှိနေသော အောင်မြင်နေသည့် စပါးစိုက်ခင်းများ နောက်ခံထားလျက် ရေဆင်းဧရိယာ စတုရန်းမိုင် ၇၆၀ရှိသည့် ရေလွှဲဆည်ကြီးကား ခံ့ညားလှသည်။ ရေလွှဲဆည်အမျိုးအစားမှာ အကျယ် ပေ ၁၆၀၊ အမြင့် ၆ဒသမ၅ပေ၊ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ဒီဇိုင်းရေထုစီးနှုန်းမှာ ၁၂၀၀၀ကုဗပေ/စက္ကန့်ဖြစ်သည်။ ရေလွှဲဆည်တွင် ရေများနှင့် ရောပါလာသော သဲများ၊ အမှိုက်များ တားဆီးကာကွယ်ရန်အတွက် အကျယ် ၂၄ဒသမ ၅ပေရှိ ငါးပေပတ်လည်ရေတံခါးပေါက်လေးပေါက် တပ်ဆင်ထားသည်။ ရေထိန်းအဆောက်အအုံတွင် ၄ပေ×၄ဒသမ၅ပေ ရေတံခါး ငါးပေါက်ပါဝင်သည်။ ရေလွှဲဆည်မှ တစ်ဆင့် ဆည်ရေသောက်များသို့ ရေပေးဝေနိုင်ရန် အကျယ် ၂၆ပေ၊ အလျား ၁၂မိုင်ရှိ မြို့ကြီးမြောင်းမတော် တူးမြောင်းကို တည်ဆောက်ထားပြီး ကြားတွင် တူးမြောင်းအဆောက်အအုံ ၄၁ခု တည်ဆောက်ထားသည်။ စီမံကိန်းကုန်ကျငွေမှာ ကျပ်သန်း ၂၁၄၀ ရှိသည်။



နိုင်ငံတစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးနှင့် စပါးနှင့် အခြားစီးပွားဖြစ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ရေးအတွက် ရေသယံဇာတ ဖော်ထုတ်ပေးနေခြင်းဖြစ်။

မြို့ကြီး ရေလွှဲဆည်ကြောင့် ကျောက်ဆည်ခရိုင်အတွင်း လယ်မြေကေများစွာ စိမ်းလန်းဝေဖြာ အောင်မြင်ဖြစ်ထွန်းနေ။

စက်ယန္တရားများဖြင့် မြေဖို့

လက်ဝဲဘက်ရေလွှဲဆည်သို့ ရေလွှဲရန် ဇော်ဂျီမြစ်ကျဉ်းနေရာကို စက်ယန္တရားများဖြင့် မြေဖို့ မြစ်ပေါက်ပိတ်နေစဉ်။

(မြန်မာ့အလင်း)

ရေလွှဲဆည်များတည်ဆောက်

စိမ်းလန်းစိုပြည်လှသော နိုင်ငံတော်ပိုင် တောတောင်များမှ သဘာဝအလျောက် စီးဆင်းလာသော မြစ်ရေများနှင့် ရေဆင်းဇရိယာများမှ စီးဆင်းမိုးရေများကို အလဟဿဆုံးရှုံးမှု မဖြစ်စေရေးအတွက် ရေလှောင်တမံများ၊ ရေလွှဲဆည်များ တည်ဆောက်ပေးလျက်ရှိသည်။

အောင်မြင်ဖြစ်ထွန်း

ထိုသို့ တည်ဆောက်ပေးမှု ရည်ရွယ်ရင်းကား နိုင်ငံတစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးနှင့် စပါးနှင့် အခြား စီးပွားဖြစ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ရေးအတွက် ရေသယံဇာတ ဖော်ထုတ်ပေးနေခြင်းဖြစ်သည်။ မြို့ကြီး ရေလွှဲဆည်ကြောင့် ကျောက်ဆည်ခရိုင်အတွင်း လယ်မြေဧကများစွာ စိမ်းလန်းဝေဖြာ အောင်မြင်ဖြစ်ထွန်းနေမှုကို မျက်မြင် တွေ့ရှိရမှုက အကျိုးဖြစ်ထွန်းစေသည့် ရလဒ်ကို လက်တွေ့ ဖော်ညွှန်းနေမှုပင် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြို့ကြီး မြောင်းမတော် တူးမြောင်း

မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ဆည်ရေသောက် ဧက ၃၅၅၀၀အတွက် မြို့ကြီးရေလွှဲဆည်မှတစ်ဆင့်ရေလွှတ်ပေးမည့် အကျယ် ၂၆ပေ၊ အရှည် ၁၂မိုင်ရှိ မြို့ကြီး မြောင်းမတော် တူးမြောင်းကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

❒ ကျောဖုံးမှ

ဆွေးနွေးခဲ့

ရာသီဥတု ပြောင်းလဲမှုနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း၏ အနေအထားဆိုင်ရာ ဟောပြောဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ အိုင်ဘီစီခန်းမ၌ ဩဂုတ် ၂၉ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် အမျိုးသားစာပေဆုရ ဘာသာပြန်စာရေးဆရာ (ဦး)ကျော်ဝင်း၊ ဒေါက်တာဖုန်းဝင်း၊ ဒေါက်တာဆွေသွင်နှင့် ဒေါ်ယုဇာမော်ထွန်းတို့က ဆွေးနွေးခဲ့ကြသည်။

ရာသီဥတု

ရာသီဥတု ပြောင်းလဲမှုနှင့် အရပ်ဘက် အဖွဲ့အစည်းဆိုင်ရာ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။ ဆရာကျော်ဝင်းနှင့်တွေ့ဆုံမေးမြန်းရာ "ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ ကမ္ဘာ့နိုင်ငံတွေကို ယေဘုယျ ခွဲခြားကြည့်တဲ့အခါ ဆိုရှယ်လစ်နိုင်ငံတွေ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုပြီး ရှိပါတယ်။ ဆိုရှယ်လစ်နိုင်ငံတွေမှာ အစစရာရာကို နိုင်ငံတော်အစိုးရ တစ်ရပ်တည်းကပဲ တာဝန်ယူ ဆောင်ရွက်ခဲ့တယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာတော့ အစိုးရအားနဲ့ ဈေးကွက်အားကိုအသုံးပြုပြီး လုပ်ဆောင်ခဲ့တယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ အစိုးရ၊ ဈေးကွက်နဲ့ အရပ်ဘက် အဖွဲ့အစည်းတွေ ပူးတွဲပြီး အကောင်အထည် ဖော်ခဲ့တယ်။ ရေရှည်မှာ အစိုးရ၊ ဈေးကွက်နဲ့ အရပ်ဘက်အဖွဲ့အစည်းတွေပူးပေါင်းဆောင်ရွက်တာအောင်မြင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း သိလာရတယ်။ တချို့ ကိစ္စတွေမှာ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ တွဲပြီး ဆောင်ရွက်မှ ရတဲ့သဘော ရှိတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြန်လည်ထူထောင်ရေး စတဲ့လုပ်ငန်းတွေဆိုရင် အမြတ်အတွက် ရည်ရွယ်တာမဟုတ်တဲ့ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ပူးတွဲဆောင်ရွက်ပြီး အောင်မြင်မှုရတာမျိုးပေါ့"ဟု ဆရာဦးကျော်ဝင်းက ရှင်းပြသည်။

"သဘာဝတရားနဲ့ နေရာကို နည်းပညာက အစားထိုးနိုင်တယ် ဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်"

(ဦး)ကျော်ဝင်း
ဘာသာပြန်စာရေးဆရာ

ကမ္ဘာကြီးပူနွေးလာမှု

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေးများအတွက် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများ ရှိနေပြီဖြစ်သည်။ သို့သော် အချို့အတွေးအခေါ်များအရ သဘာဝတရားကြီးကို စိုးမိုးနိုင်သည်ဟု ယူဆပြီး လွဲမှားသည့် ကောက်ချက်ချမှုများရှိနေကြောင်း ဆရာဦးကျော်ဝင်းက ရှင်းပြရာတွင် "စာရေးဆရာ ဂျိမ်းမာတင်ရေးသလို မှားယွင်းခဲ့တဲ့ ကောက်ချက်ချမှု (၁၅)ချက် ရှိနေပါတယ်တဲ့။ အဲဒီအထဲမှာ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်တဲ့ အချက် ၁၀ချက် ပါဝင်နေပါတယ်။ ကျန်တဲ့အချက်ငါးချက်ထဲမှာလည်း သဘာဝအရင်းအမြစ်တွေဟာ အကန့်အသတ်မရှိ ရှိနေတယ်ဆိုတဲ့အချက်၊ သဘာဝတရားကြီးဟာ ညစ်ညမ်းမှုတွေအားလုံးကို အကန့်အသတ်မရှိ စုပ်ယူနိုင်တယ်ဆိုတဲ့အချက်၊ သဘာဝအရ ဖြစ်ပေါ်လာတဲ့ သတ္တဝါမျိုးစိတ်တွေဟာ ဘယ်လိုမှ မကုန်ခန်းနိုင်ဘူးဆိုတဲ့ အချက်၊ လူတို့ တီထွင်ဖန်တီးလိုက်တဲ့ ပစ္စည်းတွေဟာ လူတွေခံနိုင်ရည်ရှိတယ်ဆိုတဲ့အချက်နဲ့ သဘာဝတရားနဲ့ နေရာကို နည်းပညာက အစားထိုးနိုင်တယ်ဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

အတိုင်းအဆ

မှန်ပါသည်။ သဘာဝ အရင်းအမြစ်များဖြစ်သည့် ရေ၊လေနှင့်ရေနံကဲ့သို့သော သဘာဝစွမ်းအင်များကို အတိုင်းအဆမရှိ ထုတ်ယူသုံးစွဲခဲ့သဖြင့် သဘာဝအရင်းအမြစ်များကုန်ခန်းနိုင်သည်ဟူသော အသိတရား ရရှိမှုမှာ နှစ် ၁၀၀ပင် မရှိသေးကြောင်း သိရသည်။ ထို့အတူ သဘာဝတရားက ညစ်ညမ်းမှုများကို လက်တွေ့၌ မစုပ်ယူနိုင်ဘဲ ရေထု၊ လေထု ညစ်ညမ်းမှုများရှိလာနေပြီ ဖြစ်သည်။

ကျန်ရှိတော့

"သဘာဝက ဖန်တီးပေးထားတဲ့ မျိုးစိတ်တွေလည်း အဆမတန်ဖမ်းယူစားသုံးကြလို့ ငါးနဲ့အခြားမျိုးစိတ်တွေဟာ လာမယ့် ၂၀၅၀ပြည့်နှစ်မှာ ၅၀ ရာခိုင်နှုန်းလောက်ပဲ ကျန်ရှိတော့မှာပါ။ နောက်ပြီး လူတွေ ဖန်တီးထုတ်လုပ်ထားတဲ့ ဆေးဝါးတွေဟာလည်း တစ်ဖက်မှာ ဆိုးကျိုးတွေခံစားနေရသလို သဘာဝလေ ရရှိတဲ့နေရာမှာ နည်းပညာအသုံးပြုတဲ့ လေအေးစက် အသုံးပြုမှုကြောင့် စွမ်းအင်ပိုမိုသုံးစွဲရမှု၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ပိုများလာတာ တွေ့ရှိလာတယ်။ အဲဒီလို မှားယွင်းတဲ့ အချက်တွေ သိလာရတဲ့ အချိန်မှာ ကမ္ဘာကြီးဟာ ယိုယွင်းစပြုနေပြီ ဖြစ်ပါတယ်"ဟု ဆရာဦးကျော်ဝင်းက ရှင်းပြသည်။

သဘာဝပတ်ဝန်းကျင်

ယနေ့ ၂၁ရာစု၌ ကမ္ဘာကြီး ရင်ဆိုင်ကြုံတွေ့နေရသည့် အချက်များ ရှိနေသည်။ ပထမ ၁၀ချက်မှာ သဘာဝပတ်ဝန်းကျင်ပြဿနာဖြစ်သည်။ ကျန်အချက်များမှာ လူဦးရေ၊ အကြမ်းဖက်မှု၊ ဖျက်အားပြင်း လက်နက်များနှင့် ဆင်းရဲခြင်းတို့ ဖြစ်သည်။

လက်တွဲဆောင်ရွက်

"ဒါကြောင့်မို့ ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ဆိုတဲ့ ကိစ္စရပ်တွေကို ဖြေရှင်းတဲ့အခါ အရပ်ဘက် အဖွဲ့အစည်းတွေ လိုအပ်လာတယ်။ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုတွေ ရရှိနိုင်တယ်ဆိုတာ လက်တွေ့သိလာရပြီ ဖြစ်ပါတယ်"ဟု ဆရာဦးကျော်ဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

အကျိုးကျေးဇူး

ထို့ကြောင့် ကမ္ဘာကြီး ပူနွေးလာမှုလျှော့ချရေး၊ ရာသီဥတု ပြောင်းလဲရေးတို့တွင် အရပ်ဘက် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှု အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၈-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အောင်တော်မူ
စောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၀ ၇။ မပန်းရေလှောင်တမံ
၈း၁၀ ၈။ အရေးပြိုင်ပွဲ
၈း၂၀ ၉။ တေးဂီတအစီအစဉ်
၈း၃၅ ၁၀။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်း တေး)ဝါသနာရှင် (ပထမတန်း) အဆင့်(အမျိုးသမီး)
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ **မနိုင်သောအရှုံး**
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၂၄)
၁၂း၄၅ ၅။ Golf Magazine(TV)
၁၃း၀၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **နှလုံးသားရဲ့အရှင်သခင်** လူမင်း၊ဇိုက်၊နန်းဆုရတီစိုး (ဒါရိုက်တာ-မီးပွား)
၁၄း၂၀ ၇။ တေးဂီတအစီအစဉ်
၁၄း၄၀ ၈။ အတီးပြိုင်ပွဲ
၁၄း၅၀ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ်(ဓာတုဗေဒပညာ အထူးပြု) (ဓာတုဗေဒပညာ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် (ပထမတန်း)အဆင့်(အမျိုးသမီး)
၅း၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၆း၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **ဆံပင်ရှည်ရှည်ပုံပြင်** ရန်နိုင်၊နိုဘယ်ကျော်ကျော်၊ အောင်ခိုင်၊ဝါဝါအောင် [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၃။ တေးဂီတအစီအစဉ်
၇း၁၅ ၁၄။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အတွေ့အကြုံဆွေးနွေးခန်း (ဦးစောလွင်၊ ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစိုးလွင်ငြိမ်း)
၇း၄၀ ၁၅။ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၃၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနှလုံးသား** (အပိုင်း-၁၇)

သန်လျင်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ သန်လျင်မြို့နယ်အခွန်ဦးစီးမှူးရုံး၏ စားသောက်ဆိုင်လုပ်ငန်းရှင်များသို့ အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ကျိုက်ခေါက်ဘုရားလမ်းရှိ အဆိုပါရုံး၌ ကျင်းပသည်။

ပြန်လည်ရှင်းလင်း

ရှေးဦးစွာ ရန်ကုန်တိုင်းအခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကို**(အောက်ယာပုံ)** နှင့် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးမှူး ဦးရွှေမိုးက စားသောက်ဆိုင်လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ကိစ္စများအား အခွန်ပညာပေး ဆွေးနွေးပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအားပြန်လည်ရှင်းလင်းဖြေကြားသည်။

တက်ရောက်

အဆိုပါ အခွန်ပညာပေးဆွေးနွေးပွဲသို့ သန်လျင်မြို့နယ် အတွင်းရှိ စားသောက်ဆိုင်များမှ လုပ်ငန်းရှင် ၂၅ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

"အကာ" ထက် "အနှစ်" ကို ယူနိုင်ကြပါစေ

မြင့်မောင်
(Phil-Q)

အကာဟူသည့် 'အနှစ်' လောက် မကောင်း ဆိုခြင်းကို ယနေ့လူငယ်များ အားလုံးသိနိုင်ပါသည်။ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ကို အသုံးချပြီး ကိုယ့်အတွက် ရယူမှု ပြုလုပ်သည့်အခါတွင် အနှစ်အသားကို မယူဘဲ အကာမျှလောက်သာ ယူပြီး ဂုဏ်ယူဝင့်ကြွားနေကြရင် အနှစ်အသား သုံးဆောင်နေသူတို့ ကဲ့ရဲ့စရာ၊ အထင်သေးစရာများ ဖြစ်နေတော့မည်၊ ကိုယ့်ဘာသာကိုယ် ပြန်သတိပြုမိသည့် အချိန်ရောက်လျှင်လည်း ရှက်စရာကောင်းလှသောအဖြစ်အတွက် အရှက်ကြီး ရှက်နေကြရတော့မည် ဖြစ်သည်။

အတင်းအကျပ်ပေးလာခြင်းမဟုတ်ဘဲ မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ရွေးယူခွင့်ရှိနေမှတော့ ဘာ့ကြောင့်များ တန်ဖိုးမရှိ၊ အသုံးမကျသော 'အကာ' တို့ကို ယူနေရပါသလဲ၊ တကယ့်အနှစ်အသားကိုသာ ရွေးချယ်ယူငင် သုံးစွဲသင့်သည် မဟုတ်ပါလား။

ဘာမျှ လက်ဆုပ်လက်ကိုင် မပြနိုင်သော တဒင်္ဂစိတ်သာယာမှုကလေး အတွက် အနှစ်ကိုပစ်၍ အကာကိုသာ ယူနေမည်ဆိုလျှင် ကိုယ့်အညွန့်ကိုယ် ချိုးနေသည်နှင့် မတူပါလား၊ အခြားသူများက မိမိ၏ရှင်သန်မည့် တလူလူ ဖြစ်နေသော အညွန့်ကို လာရောက်ချိုးဖဲ့ဖျက်ဆီးလျှင် အပြင်းအထန်ခုခံ ကာကွယ်ကြသည်ဖြစ်ရာ မိမိအညွန့်ကိုမူ မိမိကိုယ်တိုင် ဘာကြောင့်များ ချိုးဖဲ့ဖျက်ဆီးနေရပါသနည်း၊ ဆင်ခြင်သင့်ပြီ၊ ပြင်ဆင်သင့်ပြီ ဖြစ်ပါသည်။ အနှစ်အသားထက် အကာကိုသာ မက်မောနေကြသောဖြစ်ရပ်တို့ကို ယနေ့ မိန်းကလေးအချို့၏ ဝတ်စားဆင်ယင်မှုပုံစံတွင် တွေ့မြင်နေရသည်။

ဝတ်စားဆင်ယင်မှုဟူသည် စားရေး (Food)၊ ဝတ်ရေး (Clothing)၊ နေရေး (Shelter) ဆိုတဲ့ သဘာဝတရားကြီး၏ လိုအပ်ချက် သုံးရပ်တွင် ဒုတိယမြောက် လိုအပ်ချက်ကြီးဖြစ်သည်။ လိုအပ်ချက် သုံးရပ်သည် အခြေခံကျသည်။ မရှိမဖြစ် လိုအပ်ချက်များ ဖြစ်သည်။ သို့ဖြစ်၍လည်း ထိုအရေးသုံးရပ်ကို သက်ရှိဆိုင်ရာလိုအပ်ချက်များ (Physiological Needs) များဟု ပညာရှင်များက ညွှန်းဆိုကြသည်။ ဤစာစုတွင် ဝတ်စားဆင်ယင်မှု အကြောင်းကို အဓိကထား တင်ပြလိုသည်။ အဝတ်အစားဟူသည် လူတို့အတွက် ဘာကြောင့်ရှင်သန်ရေး လိုအပ်ချက်ကြီးတစ်ချက် ဖြစ်နေရပါသနည်း၊ ဘာ့ကြောင့် အဝတ်အစားဆိုတာ ဝတ်ဆင်ကြရပါသနည်း။

လူတို့သည် သူတို့၏ကိုယ်ပေါ်တွင် အဝတ်အစားဆင်ခဲ့သည်မှာ နှစ်ပေါင်း ခြောက်သိန်းခွဲခန့်ရှိပြီဟု သုတေသီများက ဆိုကြသည်။ အဝတ်အစားဝတ်ဆင်ရခြင်း၏ အခြေခံရည်ရွယ်ချက်မှာ အသက်ရှင်သန်ရေးအတွက် ဖြစ်သည်။ အသက်ရှင်သန်ရေးဆိုသည် လူ့ဘဝ၏အကြီးမားဆုံး ဆုလာဘ်ဖြစ်သည်။ အသက်ရှင်သန်ရေးအတွက် လူသည် ဦးစွာ အစားအစာလိုအပ်သည်။ အစားအစာ လိုအပ်ချက်ပြည့်စုံရုံနှင့် မပြီးသေး၊ အပူအအေးဒဏ်ကြောင့်လည်း ကောင်း၊ အင်းဆက်ပိုးမွှားနှင့် အခြားမမျှော်မှန်းနိုင်သော အဖျက်အဆီးများ ကြောင့်လည်းကောင်း အစားအစာဖြင့် အသက်ဆက်ထားရသော ရှင်သန်မှုကို ထိပါးလာနိုင်သည်။ ယင်းတို့ကို ကာကွယ်တားဆီးပြီး ရှင်သန်မှုဆက်လက် တည်တံ့ခိုင်မြဲစေရန်ဖြစ်သည်။ သို့ဖြစ်၍ အဝတ်အစားသည် လူ့ယဉ်ကျေးမှု ဘဝဖြစ်စဉ်တွင် အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည်။

အဝတ်အစား၏ အဓိကတာဝန်ပိုင်းမှာ ယင်းကိုဝတ်ဆင်လိုက်သူအား နွေးထွေးမှု၊ လုံခြုံမှုကိုပေးရန်ဖြစ်သည်။ အသက်ရှင်သန်မှုကို ဆက်လက် တည်မြဲနိုင်ရန်ဖြစ်သည်။ ထိုမှတစ်ဆင့် ယဉ်ကျေးမှု၊ ဂုဏ်သိက္ခာရှိမှု၊ လှပ တင့်တယ်မှုတို့ ဖော်ထုတ်ပြသရန်ဖြစ်သည်။ ထိုတာဝန်ပိုင်းများကောင်းမွန်လျှင် အဝတ်အစားသည် ဝတ်ဆင်သူကို စိတ်ကျေနပ်မှု အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ကာ သူ၏တာဝန်ကျေပွန်ပြီဟု ဆိုထိုက်ပါပြီ။

ဝတ်စားဆင်ယင်မှုတွင် သွင်ပြင်လက္ခဏာ(aspects)များရှိသည်။ ရာသီဥတုဆိုင်ရာ သွင်ပြင်လက္ခဏာ (Seasonal aspects)၊ ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာ (Regional aspects)၊ လူမှုရေးဆိုင်ရာ သွင်ပြင်လက္ခဏာ(Social aspects)၊ ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်လက္ခဏာ (Cultural aspects)တို့ ဖြစ်သည်ဟုဆိုသည်။ ရေမြေရာသီဥတု အနေအထားများအရ ဝတ်စားဆင်ယင်မှု အသွင်အပြင်ကွဲပြားသည်။ အချို့သောနိုင်ငံတို့တွင် အဝတ်အစားသည် ဝတ်ဆင်သူ၏လူမှုအဆင့်အတန်း အနိမ့်အမြင့်ကိုပြသည်။ လူမှုပတ်ဝန်းကျင် အဆင့်အတန်းအလိုက် အဝတ်အစားဝတ်ဆင်မှု လိုက်နာရသည်များရှိသည်။ အထက်ပါ သွင်ပြင်လက္ခဏာများအပြင် အမျိုးသား၊ အမျိုးသမီးဟူ၍ လိင်ကွဲပြားခြားနားမှုကလည်း ဝတ်စားဆင်ယင်မှုသွင်ပြင်ကို ပိုမိုကွဲပြားခြားနားစေသည်။ မည်သို့ပင် သွင်ပြင်လက္ခဏာများ ခြားနားသည်ဖြစ်ပါစေ၊ ဝတ်စားဆင်ယင်ကြရခြင်း၏အဓိကကျသော သွင်ပြင်လက္ခဏာမှာ ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ဆောင်ရန်ဖြစ်သည်။ အရိုင်းဘဝမှ အယဉ်ဘဝသို့ ကူးပြောင်းမှုတွင် ဝတ်စားဆင်ယင်မှုသည်လည်း အရေးကြီးသောကဏ္ဍမှာ ပါဝင်နေသည်။ အရိုင်းဘဝတွင် ဝတ်စားဆင်ယင်မှုမပြုခဲ့ရာမှ အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားလာသောအခါ ဟီရိ-ဩတ္တပ္ပ အရှက်နှင့်အကြောက်ဆိုသော လောကပါလတရားနှစ်မျိုးကို ကျင့်သုံးရကောင်းမှန်း သိလာသည်မှစ၍ လူတို့သည် မိမိတို့ကိုယ်ပေါ်မှ မတင့်တယ် မဖွယ်ရာသော အစိတ်အပိုင်းတို့ကို ဦးစွာ ဖုံးကွယ်လာသည်။ ဤတိုးတက်မှု ဖြစ်စဉ်ကလေးကပင် ကြီးမားလှသော ယဉ်ကျေးမှုလက္ခဏာနှင့် လူသားတို့၏ ဆင်ခြင်တုံတရားကို ပြနေသည်။ မောင်နှင့်နှမ၊ သားနှင့်အမိကြား ထားရှိသင့် ထားရှိထိုက်သော အရှက်နှင့်အကြောက်တရားကို ထားလာနိုင်ခြင်းအတွက် လူဖြစ်ရသည်ကပင် ဂုဏ်ယူစရာ ကောင်းလှသည်။ အဆိုပါ အရှက်နှင့်အကြောက်တရားကို မောင်နှင့်နှမ၊ သားနှင့်အမိကြားတွင် ထားရမည်။ သူစိမ်းတစ်ရံဆံများကြားတွင်မူ ပို၍ပင် ထားရှိရမည်ဖြစ်သည်။ ထိုသို့ထားလာခြင်းသည်ပင် အလွန် အစဉ်အလာကြီးမားသောယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာဖြစ်သည်။

ဝတ်စားဆင်ယင်မှုသည် အမျိုးသမီးများအတွက် အထူးတလည် လိုအပ်သည်။ အဘယ်ကြောင့်နည်း။ လူသည်အသက်ရှင်သန်ရေးအတွက် နည်းမျိုးစုံဖြင့် မွေးမြူရသည်။ အသက်ရှင်သန်ရေးအတွက် ဘာမဆိုလုပ်နိုင်သည်။ သို့သော် လူသားအမျိုးသမီးအတွက်တော့ ခြွင်းချက်ဖြစ်သည်။ သူတို့အတွက်ကတော့ အသက်ရှင်သန်ရေးက ဒုတိယနေရာသို့ ရောက်သွားသည်။ ပထမဦးစားပေးက 'အရှက်' တရားဖြစ်သည်။ အမျိုးသမီးများအတွက်ကတော့ အသက်နှင့်လူဖြစ်ရခြင်းမဟုတ်၊ အရှက်နှင့်လူဖြစ်ရခြင်း ဖြစ်သည်။ ဤခံယူချက်သည် အနောက်ဖြစ်စေ၊ အရှေ့ဖြစ်စေ အမျိုးသမီးတိုင်း ထားရှိခဲ့သည့် ခံယူချက်ဖြစ်သည်။ ဝတ်စားဆင်ယင်ခြင်းဟူသည် အမျိုးသမီးများအတွက်တော့ 'အရှက်နှင့်အသက်' လုံခြုံမှုအတွက်ဖြစ်ပါသည်။ သို့ရာတွင် ဤမှာ ဘက်ခေတ်များတွင် ခံယူချက်များ ပြောင်းလဲလာသည်ကို တွေ့ရသည်။ 'အရှက်' နှင့် 'အသက်' က ပထမနေရာနှင့် ဒုတိယနေရာမှ ရွေ့သွားသည်။ ဒုတိယနှင့် တတိယနေရာသို့ လျှောကျသွားသည်။ ယနေ့ခေတ်အနောက်တိုင်း အမျိုးသမီးများ၊ အရှေ့တိုင်းမှ အချို့သော အမျိုးသမီးတို့အတွက်ကတော့ 'အလှအပတို့ကို ပေါ်လွင်ထင်ရှားအောင်ပြလိုမှု' က ပထမဦးစားပေး ဖြစ်ပုံရလာသည်။

မြန်မာတို့၏ ယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်မားလှပါသည်။ မိမိတို့နိုင်ငံသည် လူ့သမိုင်းစဉ်တစ်လျှောက် လူဦးရေအများဆုံး ယဉ်ကျေးမှု အဆင့်အတန်း အမြင့်မားဆုံးသော နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်နေသည့် နိုင်ငံငယ်လေးတစ်ခုဖြစ်သည်။ ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများက တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးစက်ရောယှက်မှု ရှိသည်ဆိုသော်လည်း အင်ကြီးအားကြီး ယဉ်ကျေးမှုတို့ကို အလွယ်တကူ ပုံတူကူးယူခဲ့ခြင်းမရှိပါ။ မြန်မာတို့သည် လူမှုရေးကဏ္ဍတွင် ကိုယ်ပိုင်ဟန်ဖြင့် လွတ်လပ်စွာ တွေးခေါ်ကြံဆ ပုံဖော်ခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာတို့၏ယဉ်ကျေးမှုသည် ကိုယ်ပိုင်ဟန် သီးခြားသွင်ပြင် လက္ခဏာများဖြင့် ရပ်တည်ခဲ့သော ယဉ်ကျေးမှုဖြစ်သည်။ ရှေးမြန်မာကြီးတို့ ဘယ်မျှလောက် တာဝန်ကျေခဲ့ကြပါသနည်း။ လက်ရှိအချိန်လိုများ အလွယ်တကူ ကူးစက်ခံနေလျှင် မြန်မာ့ယဉ်ကျေးမှုဟူသည် ဘယ်ဟာပါဟူ၍ လက်ဆုပ်လက်ကိုင် ပြနိုင်မည်မဟုတ်ပါ။

ခေတ်အဆက်ဆက် မြန်မာတို့၏ဝတ်စားဆင်ယင်မှုကို လေ့လာကြည့်မိသည်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မန္တလေးခေတ် စသည့် ခေတ်များတွင် မြန်မာတို့၏ဝတ်စားဆင်ယင်မှုသည် ဝတ်စားဆင်ယင်ရခြင်း၏ 'အနှစ်' ကို အရအမိယူကာ ဝတ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးတို့၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုသည် နွေးထွေးမှု၊ လုံခြုံမှုကိုပေးသည်။ ယဉ်ကျေးမှု၊ ဂုဏ်သိက္ခာရှိမှု၊ တင့်တယ်ပြေပြစ်မှုနှင့်တကွ မိန်းမသားတို့၏ ပင်ကိုအလှအပကို ဖော်ကျူးပေးနိုင်ခဲ့သည်။

အစဉ်အလာကြီးမားသော ဝတ်စားဆင်ယင်မှု သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်သည့် ဆန့်ကျင်ဘက်တို့၏ ပူပြင်းလှသောအကြည့်များမှ ကာကွယ်နိုင်ရန် ဆိုသောအချက်ကိုလည်း မြန်မာအမျိုးသမီးတို့၏ အစဉ်အလာ အဝတ်အစား ဒီဇိုင်းများက ပေးစွမ်းပါသည်။ 'အနှစ်' တို့ကိုသာ ရယူသော မြန်မာ့ဝတ်စားဆင်ယင်မှုဖြစ်သည်။

လက်ရှိ မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုကရော ထိုသို့ 'အနှစ်' ကို ယူနိုင်ကြပါရဲ့လား။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝတ်စားဆင်ယင်မှုတွင် ယဉ်ကျေးမှုလက္ခဏာများ ပျက်ပြားနေပြီဟုတော့ မဆိုသာသေးပါ။ သို့ရာတွင် ဂလိုဘယ်လိုက်ဇေးရှင်း၏ ရိုက်ခတ်မှုပြင်းထန်သော မြို့ပြနေအမျိုးသမီး အချို့ကတော့ ဝတ်စားဆင်ယင်မှုတွင် ယဉ်ကျေးမှုလက္ခဏာများ ပျက်ပြားနေတာတွေ့ရသည်။ ဘာသာရေး၊ လူမှုရေးအနေအထားနှင့် လျော်ညီစွာ ဝတ်ဆင်မှုမရှိသော အမျိုးသမီးများ များပြားလာသည်။ အချို့ဆိုလျှင် ဆန့်ကျင်ဘက်တို့၏ ပူပြင်းလှသောအကြည့်ကို တမင်တကာ ဖိတ်ခေါ်သည့်အလား ဝတ်ဆင်လာကြသည်ကိုပင် တွေ့မြင်နေရသည်။ တိုသည်ထက် တိုလာကြသည်။ ကပ်သည်ထက် ကပ်လာကြသည်။ ကျပ်သည်ထက် ကျပ်လာကြသည်။ လူ့ယဉ်ကျေးမှု မတိုးတက်ခင် အရိုင်းဘဝတုန်းက ဝတ်စားခဲ့သည်ထက် အနည်းငယ်မျှသာပိုသော အဝတ်အစားများကို ဝတ်ဆင်လာကြသည်။ အဘယ်ကြောင့်ပါနည်း။

အနောက်နိုင်ငံများ၏ ဝတ်စားဆင်ယင်မှုသည် သည်ဘက်ခေတ်တွင် လွတ်လပ်မှုကို အလွန်အကျွံ သုံးစွဲလာကြသည်။ လူ့သဘာဝသည် ထိန်းချုပ်မှုထက် လွတ်လပ်မှုကို ပိုလိုချင်သည်။ မည်သည့်ကန့်သတ်ချက်မျှ မထားလိုကြတော့။ ကူးလူးယှက်နွယ်မှုဖြစ်စဉ်၏ မောင်းနှင်မှုကြောင့် ကမ္ဘာတစ်လွှားမှ လူငယ်များက အနောက်စတိုင် ဝတ်စားဆင်ယင်မှုကို ချက်ချင်းလိုပင် လက်ခံကျင့်သုံးနေကြသည်။ အလိုဆန္ဒတွေ ပိုကဲလာကာ ထိန်းချုပ်မှုမဲ့ လွတ်လပ်ခြင်းကို အလိုရှိလာကြသည်။ ထိန်းကွပ်မှုဖြင့် ထည်ဝါခံ့ညားခဲ့သော ပင်ကိုယဉ်ကျေးမှုတို့ကို ပစ်ပယ်လာကြသည်။

တစ်ခုတော့ရှိသည်။ ဒီကနေ့ မိမိတို့နိုင်ငံတွင် မိန်းကလေးအချို့ ဝတ်စားဆင်ယင်မှု အနှစ်သာရများ ကင်းမဲ့လာရခြင်းမှာ မည်သည့်လမ်းကြောင်းမှ ကူးစက်လာသနည်း။ ထင်သာမြင်သာအရှိဆုံးက ထိုသို့ ဝတ်စားဆင်ယင်မှုကို မိမိတို့နိုင်ငံသည် အနောက်မှ တိုက်ရိုက်ယူခြင်းထက် အရှေ့ကိုတစ်ဆင့်ခံကာ ကူးယူလာခြင်းပင်ဖြစ်သည်။ အနောက်မှ တိုက်ရိုက်ကူးစက်မှုရှိသင့်သလောက် ရှိနိုင်သည်။ အရှေ့ အရှေ့ချင်း ယဉ်ကျေးမှုသွင်ပြင်လက္ခဏာများ နီးစပ်သည်ဆိုသောအချက်ကို လက်ကိုင်ပြုကာ ယင်းတို့၏ ခေတ်ပေါ်သွင်ပြင် လက္ခဏာများကို မီဒီယာများဖြင့် ဖော်ပြနေခြင်းများသည် မည်သည့်အကျိုးသက်ရောက်မှုများ ရှိနိုင်ကြောင်းကို စဉ်းစားသင့်သည်။

မိမိတို့ တစ်ဆင့်ခံကူးယူသည့် အရှေ့နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသောနိုင်ငံဖြစ်သည်။ ယင်းတို့သည်လည်း ဂလိုဘယ်လိုက်ဇေးရှင်းနှင်တံကြောင့် အနောက်စတိုင် ယဉ်ကျေးမှုများကို လက်ခံကျင့်သုံးသည်။ သို့သော် ယင်းတို့သည် ဝတ်စားဆင်ယင်မှုကို အတုခိုးသလို တိုးတက်မှုကိုလည်း အတုယူသည်ဆိုရလျှင် အနှစ်ရော အကာပါ ရယူသည်ဟူ၍ပင်။

မိမိတို့ဆီမှ လူအများကရော ဘယ်လိုအနေအထားမျိုး ရှိပါသနည်း။ ထိုအရှေ့နိုင်ငံတို့က အနောက်မှတိုက်ရိုက် အတုယူသည်။ အတုခိုးသည်။ မိမိတို့လူများကတော့ တစ်ဆင့်ခံအရှေ့နိုင်ငံမှ ရယူလိုက်သည်မှာ အကာသာဖြစ်သည်။ အနှစ်ကိုမူ ယူနိုင်ခြင်းမရှိပါ။ အတုသာခိုးသည်။ အတုတော့ မယူနိုင်ကြ။ 'အနှစ်' ဖြစ်သော သူတို့တိုင်းပြည် ကြီးပွားတိုးတက်အောင် သူတို့လူငယ်တွေ ဘယ်လိုစည်းကမ်းရှိသည်၊ မည်သို့အလုပ်ကြိုးစားကြသည်၊ မည်သို့ထူးချွန်ထက်မြက်အောင် ဆည်းပူးလေ့လာမှု လုပ်ဆောင်ကြသည်ဆိုသော အချက်များကို အတုမယူနိုင်ဘဲ အပေါ်ယံအကာမျှဖြစ်သော အချက်များကိုတော့ မက်မက်စက်စက် အတုခိုးနေကြသည်မှာ ရင်လေးစရာကောင်းသည်ဟု ဆိုချင်သည်။

လက်ရှိကာလတွင် အနောက်စတိုင် ဝတ်စားဆင်ယင်မှုများက ကမ္ဘာ့လူ့ယဉ်ကျေးမှုအသီးသီးသို့ ထိုးဖောက်ဝင်ရောက်လာသည်။ လုံခြုံမှု၊ နွေးထွေးမှု၊ ယဉ်ကျေးသိမ်မွေ့မှုတို့ဖြင့်လည်း စတင်ခဲ့သော အနောက်တိုင်း ဝတ်စားဆင်ယင်မှုပုံစံများ၏ လားရာသည် အပြောင်းလဲကြီး ပြောင်းလဲသွားသည်ကို တွေ့ရသည်။ **အနောက်တိုင်းအမျိုးသမီးတို့၏ အဝတ်အစား ဒီဇိုင်းများသည် သက်ဆိုင်သူတို့၏ လောဘ၊ ရမ္မက်ဆန္ဒများအပေါ် အခြေခံ၍ စီးပွားရေး အကျိုးအမြတ်ကို ဦးစားပေးမှုဖြင့် ပေါင်းစပ်ကာ တီထွင်ထုတ်လုပ်လာကြသဖြင့် အဝတ်အစားဝတ်ဆင်ရခြင်း၏ အနှစ်သာရတို့ ပျောက်ကွယ်ရုံမျှမက ထိန်းသိမ်းအပ်သော အမျိုးသမီးတို့၏ 'ဘဝရပ်' ကို ခုတုံးလုပ်ကာ 'အရှက်' တရားကို ပစ်ပယ်လုပ်ဆောင်လာကြသည်။**

ယင်းကိုပင် ယဉ်ကျေးမှု အစဉ်အလာကြီးမားသော လူ့အဖွဲ့အစည်းများမှ လူငယ်များက အကောင်းထင်မှတ်ကာ အတုခိုး ဝတ်ဆင်လာကြသည်။ ချမ်းသာသောနိုင်ငံများ၏ စိတ်ထင်တိုင်းကြဲမှုကို ဆင်းရဲသောနိုင်ငံများမှ လူတို့က အတုခိုးလာသည်။ အနှစ်မဟုတ်သော အကာကို ရယူနေခြင်းသာ ဖြစ်ပါသည်။

လက်ရှိမိမိတို့ အနေအထားသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းကုန် လုပ်ဆောင်ကြရဦးမည် ဖြစ်သည်။ အခြားသူတို့၏ သွားနှုန်းထက် ပိုမြန်သော နှုန်းဖြင့် မိမိတို့လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဤကာလမျိုးတွင် ရယူသင့်သည်မှာ တိုးတက်ဖွံ့ဖြိုးပြီးသော နိုင်ငံများ၊ လူ့အဖွဲ့အစည်းများတွင်ရှိသော 'အနှစ်' များဖြစ်ပါသည်။ သူတို့၏ အလုပ်ကြိုးစားမှု၊ သူတို့၏အဆက်မပြတ်သင်ယူမှု၊ သူတို့၏ စည်းကမ်းလိုက်နာနိုင်မှု၊ သူတို့၏ ခံယူချက်မြင့်မားမှု၊ သူတို့၏ တီထွင်ကြံဆမှု စသည်စသည်ဖြင့် အတုယူရမည့် 'အနှစ်' များပြားစွာ ရှိနေပါသည်။

ထိုအနှစ်များကို ရယူဖို့ရန် အာရုံမထားဘဲ 'အကာ' မျှလောက်ကိုသာ အတုခိုးနေလျှင် **အနှစ်တရားတို့ကို ရယူနိုင်စွမ်းမရှိသော အကာမျှနှင့်ပင် မွေ့ပျော်တတ်သော လူမျိုး** ဟု အဆိုခံကြရမည်သာ ဖြစ်သည်။ တို့ခေတ်ရောက်မှ ညံ့တော့မှာလားဟု ခေတ်လူတို့ မိမိကိုယ်မိမိ မေးမြန်းသင့်ပြီဟု ယူဆပါသည်။ ဝတ်စားဆင်ယင်မှုတွင်သာမက မည်သည့်ကဏ္ဍတွင်မဆို မိမိတို့သည် အကာကိုဖယ်ပြီး အနှစ်ကိုသာ ရယူသုံးဆောင် ခံစားသောသူများ ဖြစ်အောင် ခံယူချက်မြင့်မားစေလိုသည်။ အသိတရားဖြင့် မြင့်မားစွာထားရှိကြစေလိုသည်။ အကာထက်အနှစ်ကိုသာ ရယူနိုင်ကြစေလိုပါသည်။ ။

အနောက်တိုင်းအမျိုးသမီးတို့၏ အဝတ်အစားဒီဇိုင်းများသည် သက်ဆိုင်သူတို့၏ လောဘ၊ ရမ္မက်ဆန္ဒများအပေါ် အခြေခံ၍ စီးပွားရေး အကျိုးအမြတ်ကို ဦးစားပေးမှုဖြင့် ပေါင်းစပ်ကာ တီထွင်ထုတ်လုပ်လာကြသဖြင့် အဝတ်အစား ဝတ်ဆင်ရခြင်း၏ အနှစ်သာရတို့ ပျောက်ကွယ်ရုံမျှမက ထိန်းသိမ်းအပ်သော အမျိုးသမီးတို့၏ 'ဘဝရပ်' ကို ခုတုံးလုပ်ကာ 'အရှက်' တရားကို ပစ်ပယ်လုပ်ဆောင်လာကြ။

30-8 (10).pmd 1 8/30/2009, 2:35 AM

ပြည်သူများစိတ်ဝင်စားမည့်
အီလက်ထရွန်နစ်နှင့် နေထိုင်မှု-၀၉ ပြပွဲ

သတင်းမှတ်တမ်း
သတင်းထောက်ခင်မောင်သော်(ကမာရွတ်)
ဓာတ်ပုံ-ညီဘိုဘိုချော(ကမာရွတ်)

ရန်ကုန် ဩဂုတ် ၂၉

ကုန်စည်ပြပွဲများကို ပြည်သူများ စိတ်ဝင်စားသည်။ ခင်းကျင်းပြသသူများကလည်း သဘောကျသည်။ ရောင်းသူနှင့်

"အရည်အသွေး မြင့်တဲ့ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချသွား မှာဖြစ်ပါတယ်"
ဦးစိုးဝင်းအောင်

ဝယ်သူ တိုက်ရိုက် ထိတွေ့မှုဖြစ်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသည်။ လေ့လာသူများအတွက်လည်း ဗဟုသုတတိုးပွားသည်။ နိုင်ငံတော်အတွက်ကား ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်မှုတစ်ရပ်ပင် ဖြစ်သည်။

ပြသမည်

ထိုသို့သော ကုန်စည်ပြပွဲမျိုး ဖြစ်သည့် **"အီလက်ထရွန်နစ်နှင့်နေထိုင်မှု-၀၉"** ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ၃ရက်မှ၆ရက်အထိခင်းကျင်းပြသတော့မည် ဖြစ်သည်။

ပါဝင်

ပြပွဲ၌ ပြခန်းပေါင်း ၁၂၀ ပါဝင်ပြသမည်ဖြစ်ရာ နောက်ဆုံးပေါ် အိုင်တီ နည်းပညာသုံးပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ၊ ကွန်ပျူတာများ၊ အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသထားမည်ဖြစ်သည်။

လက်ဆောင်များပေးမည်

ပြပွဲတွင် လာရောက်လေ့လာသူများ၊ ဝယ်ယူသူများကို ကံစမ်းမဲများ၊ လက်ဆောင်များ ပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြပွဲလာပြည်သူများအတွက် ပြပွဲကာလအတွင်း နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အကများ၊ အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းများကို တင်ဆက်ပြသ ဖျော်ဖြေပေး သွားမည်ဖြစ်သည်။

ဈေးနှုန်းသက်သာ

ပြပွဲ၌ ပြခန်းများ ပါဝင်ပြသသူများ အနက် နတ်ဘွတ်၊ ပရိဂျက်တာများနှင့် အခြားဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသမည့် ဦးစိုးဝင်းအောင်က **"အရည်အသွေးမြင့်တဲ့ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာပါ။ အာမခံပေးပြီး လက်ဆောင်ပစ္စည်းတွေလည်း ပေးသွားမှာဖြစ်ပါတယ်"** ဟုပြောပြသည်။

သရုပ်ပြမိတ်ဆက်

နောက်ထပ် ပြခန်း ပါဝင်ပြသူတစ်ဦးဖြစ်သည့် ဒေါ်သီတာတိုးကလည်း **"အိမ်သုံး၊ လုပ်ငန်းသုံး အီလက်ထရွန်နစ်ပစ္စည်းတွေကို သရုပ်ပြမိတ်ဆက် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ လက်ဆောင်တွေလည်း ပေးသွားဖို့စီစဉ်ထားပါတယ်"**ဟု စိတ်အားထက်သန်စွာ ပြောကြားသည်။

ယခုပြပွဲ၌ ဖုန်းအမျိုးအစား အများအပြားကိုလည်း ခင်းကျင်း ပြသမည့် ပြခန်းလည်း ပါဝင်မည်ဖြစ်ရာ ဟန်းဆက်၊ ဖုန်းအပို ပစ္စည်းများ၊ အထိုင်ဖုန်းခွဲများကိုလည်း အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

လေ့လာသင့်

ထို့ကြောင့် ယနေ့ခေတ်နှင့်လျော်ညီစွာ ခေတ်မီအီလက်ထရွန်နစ် အိမ်သုံးပစ္စည်းများကို အသုံးပြုနိုင်ရန်၊ လေ့လာနိုင်ရန်အတွက် မကြာမီခင်းကျင်းပြသတော့မည့် အီလက်ထရွန်နစ်နှင့်နေထိုင်မှု-၀၉ပြပွဲသို့ သွားရောက်လေ့လာသင့်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"အိမ်သုံး၊ လုပ်ငန်းသုံး အီလက်ထရွန်နစ် ပစ္စည်းတွေကို သရုပ်ပြ မိတ်ဆက်ရောင်းချပေး သွားမှာ ဖြစ်ပါတယ်"
ဒေါ်သီတာတိုး

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်စေရန်အတွက် ကန်ဖျားလမ်းမကြီးပေါ်ရှိ လမ်းပေါက်များ ဖာထေးပြုပြင်မှုကို ဩဂုတ် ၁၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကမာရွတ်မြို့နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းအေး ဩဂုတ် ၂၆ရက်က အမှတ်(၆)ရပ်ကွက် ပညာတန်ဆောင် ကိုယ်ပိုင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေရရှိရေးအတွက် စာငှားစနစ်ကျင့်သုံးရေး ကွင်းဆင်းဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ ဆက်)

နှစ်ပတ်လည်စည်းဝေး

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး) ဝန်ထမ်းများ သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၁ ရက်က အထက(၂) တောင်ဥက္ကလာပ သီရိမြန်မာခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌမြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က အသင်းသားများကိုယ်စား အထက(၂) တောင်ဥက္ကလာပမှ အထက်တန်းပြ ဆရာမဒေါ်ရွှေမိထံ အသင်းသားအမြတ် ငွေကျပ် ၅၃၈၀၀၀၀ ပေးအပ်စဉ်။

(၁၀၀)

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာရှင်များ

ပြည်ပအနုပညာသတင်း
မိုးမြင့်လင်းလက်

ရန်ကုန် ဩဂုတ် ၂၉

ကမ္ဘာတစ်ဝန်းရဲ့ ရုပ်မြင်သံကြားလိုင်းတွေအပေါ်မှာ ရုပ်ရှင်အနုပညာနဲ့ ပတ်သက်ပြီး တဖြည်းဖြည်းနဲ့ လွှမ်းမိုးလာတာကတော့ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်တွေပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ပရိသတ်တွေ လက်ခံအားပေးအောင် သရုပ်ဆောင်မှုတွေ ပြောင်မြောက်လွန်းတာမို့ အောင်မြင်မှုတွေ ရရှိနေတာပဲဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားအနုပညာရှင်အချို့ရဲ့ လတ်တလောလှုပ်ရှားမှုတွေကို ဖော်ပြပေးလိုက်ရပါတယ်-

ဝမ်ဆန်ဂူး

တောင်ကိုရီးယား အမျိုးသားရုပ်ရှင်သရုပ်ဆောင် ဝမ်ဆန်ဂူးဟာ ဩဂုတ်လမှာတော့ပရိသတ်စိတ်ဝင်စားမှု အကောင်းဆုံး အမျိုးသား သရုပ်ဆောင်အဖြစ် ဖော်ပြခြင်း ခံရပါတယ်။ အခုဆိုရင် တောင်ကိုရီးယားနိုင်ငံမှာ ဝမ်ဆန်ဂူး ပါဝင် သရုပ်ဆောင်ထားပြီး အရင်ကလည်း ထုတ်လွှင့်ပြသပြီးဖြစ်တဲ့"Love So Divine"ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ပြန်လည်ပြသနေပါတယ်။ ဒီရုပ်မြင်သံကြားဇာတ်လမ်းဟာ တောင်ကိုရီးယားပရိသတ်တွေ အထူးနှစ်သက်အားပေးကြတာမို့ အခုလို ပြန်လည်ပြသခြင်းဖြစ်ပါတယ်။

ဝမ်ဆန်ဂူး ပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို တရိုက်မက်မက် ကြည့်ရှုအားပေးတဲ့ တောင်ကိုရီးယား ပရိသတ်ဦးရေဟာ ၁၂သန်းကျော်ရှိတယ်လို့ သိရပါတယ်။ မကြာခင် ရိုက်ကူးတော့မယ့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုတော့ ပက်စီယွန်၊လီဒါဟေးနဲ့ လီဒေါင်ဝုခ်တို့နဲ့တွဲပြီး သရုပ်ဆောင်မှာဖြစ်ပါတယ်။

ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး ဝမ်ဆန်ဂူး။

ပြသနေ

ဝမ်ဆန်ဂူးအနေနဲ့ လောလောဆယ်မှာတော့ ဂျပန်နိုင်ငံမှာ ကျင်းပမယ့် "တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်"နဲ့ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်တွေကို တက်ရောက်ဖို့ရှိနေပါတယ်။ ဒါ့အပြင် အမ်ဘီစီ ရုပ်မြင်သံကြားလိုင်းကနေပြီး သူပါဝင်သရုပ်ဆောင်ထားတဲ့ "Time Between Dog and wolf" ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ပြသနေပါတယ်။

ဂူဟေဆွန် (ဂင်ဂျန်ဒီ)

တောင်ကိုရီးယား အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် ဂူဟေဆွန်ဟာ နာမည်ကြီး တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် ငါးဦးထဲမှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ဂူဟေဆွန်အနေနဲ့ လာမယ့် စက်တင်ဘာလမှာ သူမကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ အနုပညာလှုပ်ရှားမှုပြပွဲတစ်ခုကို ကျင်းပမှာဖြစ်ပါတယ်။

ဒါ့အပြင် ဂူဟေဆွန်ဟာ သီချင်းလည်းဆိုပြီး ကိုယ်တိုင်လည်း သီချင်းရေးသူဖြစ်လို့ သူမရဲ့တေးသီချင်းအယ်လ်ဘမ်ကို မကြာမီ ထုတ်ဝေတော့မှာဖြစ်ပါတယ်။ အဲဒီတေးသီချင်းအယ်လ်ဘမ်ကတော့ ဒီနှစ်ကုန်နောက်အကျဆုံး ထုတ်ဝေဖို့ စီစဉ်နေပါတယ်။

ဂူဟေဆွန်အနေနဲ့ အခု တေးသီချင်းအယ်လ်ဘမ်ဟာ သူမရဲ့ ပဉ္စမမြောက်အယ်လ်ဘမ်ဖြစ်ပြီး နောက်ထပ်ဆက်လက်ထုတ်ဝေဖို့ အစီအစဉ်ရှိတယ်လို့ ဆိုပါတယ်။ ဂူဟေဆွန်ဟာ မကြာခင်မှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးဖို့ ပြင်ဆင်နေပြီး ပါဝင်သရုပ်ဆောင်ရမယ့်အပိုင်းတွေကို ကြိုတင်လေ့ကျင့်နေတယ်လို့ ဆိုပါတယ်။

အနုပညာပြပွဲ ကျင်းပမယ့် ဂူဟေဆွန်။

လီဂျွန်ကီ(ကေ)

ဆန့်ကျင်ဘက်နှလုံးသား ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ သရုပ်ဆောင် "ကေ"အဖြစ် ပါဝင် သရုပ်ဆောင်ခဲ့လို့ လူကြိုက်များခဲ့တဲ့ တောင်ကိုရီးယား အမျိုးသား သရုပ်ဆောင် လီဂျွန်ကီဟာ ဒီနှစ်မှာ သူ့ရဲ့ရုပ်ရှင်အနုပညာ သက်တမ်း လေးနှစ်မြောက် ရှိတဲ့နှစ်ဖြစ်ပါတယ်။

ရုပ်ရှင် အနုပညာသက်တမ်း လေးနှစ်ရှိတဲ့ လီဂျွန်ကီ။

"Vokano Hish" အမည်ရှိတဲ့ ရုပ်ရှင်ဟာ သူ့ရဲ့ပထမဆုံးဇာတ်ကားဖြစ်ပြီး ပရိသတ်တွေရဲ့ အားပေးနှစ်ခြိုက်မှုကို ရရှိခဲ့တဲ့ဇာတ်ကားလည်းဖြစ်ပါတယ်။ သူ့ရဲ့ "Tutoring A Friend"ဆိုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကလည်း လူကြိုက်များခဲ့တာမို့ နာမည်ကြီးလာခဲ့ခြင်းဖြစ်ပါတယ်။

လီဂျွန်ကီဟာ တောင်ကိုရီးယားမှာ သာမက အာရှတစ်လွှားမှာတော့ လက်ရှိအချိန်မှာ သရုပ်ဆောင်ခ ဈေးအကြီးဆုံး အနုပညာရှင်တစ်ဦးလို့ ဆိုပါတယ်။ မကြာခင်မှာ သရုပ်ဆောင်ဝမ်ဆန်ဂူးနဲ့ တွဲပြီး ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးတော့မှာဖြစ်ပါတယ်။

လီယောင်အဲ

တောင်ကိုရီးယားမှာတော့ ထိပ်တန်း အမျိုးသမီး သရုပ်ဆောင်ထဲမှာပါဝင်တဲ့ လီယောင်အဲဟာ မကြာခင်က လက်ထပ်ပွဲကျင်းပခဲ့ပါတယ်။ သူ့ရဲ့ အမျိုးသားကတော့ တောင်ကိုရီးယားနွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပြီး သူမထက်အသက်ကြီးတဲ့ စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်ပါတယ်။

လီယောင်အဲရဲ့ နောက်ဆုံး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ရုပ်ရှင်ကတော့ "Sympathy for Lady Vengeance" ဖြစ်ပြီး ပရိသတ်တွေကြိုက်နှစ်သက်ကြတယ်လို့ ဆိုပါတယ်။ လောလောဆယ်မှာတော့ ရုပ်ရှင်ရိုက်ကူးခြင်းကို ခေတ္တရပ်ဆိုင်းထားပြီး ပြည်ပခရီးထွက်မှုလည်း မပြုလုပ်သေးပါဘူးဆိုတဲ့အကြောင်း ဖော်ပြပေးလိုက်ရပါတယ်။ ။ **(အင်တာနက်)**

လက်ထပ်လိုက်တဲ့ လီယောင်အဲ။

30-8 (11).pmd 1 8/30/2009, 2:35 AM



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဂျပန်နိုင်ငံ Tsukuba မြို့တွင် နေရောင်ခြည် စွမ်းအားဖြင့် လျှပ်စစ်ဓာတ် ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သောအဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် စီမံကိန်းကိစ္စများဆွေးနွေးခဲ့

နေပြည်တော် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဩဂုတ်၁၉ရက်မှ ၂၆ရက်အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ်၂၅ရက်တွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး Mr.Hirofumi NAKASONE နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊စားနပ်ရိက္ခာ ဖူလုံရေးနှင့် လယ်ယာကဏ္ဍတွင်ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေး ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Mr.Mitoji Yabunaka နှင့် ဩဂုတ် ၂၀ရက်တွင်လည်းကောင်း၊ ဒုတိယ ဝန်ကြီး Mr. Kenichiro Sasae နှင့် ဩဂုတ် ၂၅ရက်တွင်လည်းကောင်း တွေ့ဆုံ ခဲ့သည်။

ဆွေးနွေးခဲ့

ဝန်ကြီးသည် ဩဂုတ် ၂၅ရက် မွန်းလွဲ ပိုင်းတွင် လယ်ယာစိုက်ပျိုးရေး၊သစ်တောနှင့် သားငါး ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဒုတိယ ဝန်ကြီး Mr. Shuji Yamada နှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနအချင်းချင်း နည်း ပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ညနေ ၅နာရီခွဲတွင် ဂျပန် နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) (JICA) ရုံးချုပ်၌ JICA အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ Mr.Izumi Arai နှင့် တွေ့ဆုံ၍ JICA အဖွဲ့က မြန်မာနိုင်ငံတွင် အကောင် အထည်ဖော်ဆောင်ရွက်နေသော နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စီမံကိန်းကိစ္စ များကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် ဂျပန်နိုင်ငံ လွှတ်တော် အမတ်များနှင့်လည်း တွေ့ဆုံခဲ့ရာတွင် ဩဂုတ်၂၀ရက် ညနေ၃နာရီတွင် လွှတ်တော် အမတ် Mr. Ikuzo Sakurai နှင့် ၎င်း၏ မဲဆန္ဒနယ်ဖြစ်သည့် ဖူဂျီဆာဝါမြို့ (Fujisawa)၌လည်းကောင်း၊ ဩဂုတ် ၂၄ ရက် နံနက်၁၀နာရီခွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ ဂျပန်အထက်လွှတ်တော် အမတ် Mr. Kazuya Shimba နှင့် လည်းကောင်း၊ နံနက်၁၁နာရီခွဲတွင် New Otani Hotel ၌ လွှတ်တော်အမတ်များ ဖြစ်သော Mr. Hideo Watanabe နှင့် Mr. Shinpei Matsushita တို့နှင့်လည်း ကောင်း၊ ညနေ ၆ နာရီတွင် City Club ၌ Mr. Hideo Watanabe နှင့် နိပွန် ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့် လည်းကောင်း၊ ဩဂုတ်၂၆ရက် နံနက် ၇နာရီခွဲတွင် New Otani Hotel ၌ လွှတ်တော်အမတ် Mr. Tomomitsu Iwakura နှင့် လည်းကောင်း တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စ ရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ

ဝန်ကြီးသည် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် New Otani Hotel ၌ ဂျပန်နိုင်ငံရှိ INGO အဖွဲ့များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအား တွေ့ဆုံရာတွင် OISCA အဖွဲ့ဥက္ကဋ္ဌ Ms. Yoshiko Nakano နှင့်လည်း တွေ့ဆုံခဲ့သည်။

ဝန်ကြီးသည် ဩဂုတ် ၂၃ရက် ည ၇နာရီတွင် Sanyu Consultant အဖွဲ့ ဥက္ကဋ္ဌ Mr. Norihiko Kuno နှင့်လည်း ကောင်း၊ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ ဆူမီတိုမိုကော်ပိုရေးရှင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၅ရက်တွင် New Otani Hotel ၌ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ကုမ္ပဏီ များဖြစ်ကြသော Sanwa ကုမ္ပဏီနှင့် မာရူ ဘီနီကော်ပိုရေးရှင်းတို့နှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးသည် ဩဂုတ် ၂၀ရက်တွင် Kamakura နှင့် Fujizawa ဒေသများ နှင့် ဩဂုတ်၂၁ရက်တွင် Tsukuba ဒေသ များသို့ သွားရောက်၍ စပါးစိုက်ခင်းများ ဆည်ရေပေးဝေမှု စနစ်များနှင့် ဟင်းသီး ဟင်းရွက်များကို ပလတ်စတစ် အမိုးအကာ အဆောက်အအုံများဖြင့် စိုက်ပျိုးထုတ်လုပ် နေမှု၊ ထွက်ရှိလာသော သီးနှံများအား စက်ဖြင့် အရွယ်အစားရွေးချယ်ပြီး ထုပ်ပိုး နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် Tsukuba မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း လုပ်ငန်းဆိုင်ရာ သုတေသနဌာနများဖြစ် သည့် National Institute of Agrobiological Science (NIAS) ရှိမျိုးစေ့ ဘဏ်နှင့် နေရောင်ခြည် စွမ်းအားဖြင့် လျှပ်စစ်ဓာတ် ထုတ်လုပ်နေမှုတို့ကို သွား ရောက် ကြည့်ရှုလေ့လာခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီးသည် ဩဂုတ်၂၄ရက်တွင် Yokohama မြို့ရှိ ဆည်မြောင်းများမှ မြို့ရေပေးဝေသည့် လုပ်ငန်းနှင့်နေရောင် ခြည်စွမ်းအားဖြင့် လျှပ်စစ်ဓာတ်ထုတ်ယူမှု လုပ်ငန်းများကိုလည်းကောင်း၊ Tokyo Ota City ရှိ ကုန်စည်လက်ကားဈေး(Whole Sale Market)တွင် လယ်ယာထွက်ကုန် သီးနှံများ ရောင်းဝယ်နေမှုကိုလည်းကောင်း၊ ဩဂုတ်၂၂ရက်တွင် Tokyo မြို့နှင့် ဩဂုတ်၂၃ရက်တွင် Nara မြို့တို့သို့ သွား ရောက်ပြီး မြို့များ၏ ပတ်ဝန်းကျင်ဒေသ များရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက် အအုံများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ပြီး ဩဂုတ်၂၆ရက် ညပိုင်း တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက် ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မန်ယူ၊ ချယ်လ်ဆီးနှင့်စပါးတို့ နိုင်ပွဲများဆက် ဂျရတ်၏ ပွဲသိမ်းဂိုးကြောင့် ဘင်နီတက်ဇ်ရှင်မြူး

လန်ဒန် ဩဂုတ် ၂၉

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၄) ဘောလုံးပြိုင်ပွဲများ ဩဂုတ် ၂၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာ လိဂ် ချန်ပီယံမန်ယူနှင့် အာဆင်နယ်တို့ အိုးထရက်ဖို့ဒ်၌ အကြိတ်အနယ် ယှဉ်ပြိုင် ကစားခဲ့ရာ ပထမပိုင်းပြီးရန်ငါးမိနစ်အလို အာရှာဗင်က အဝေးဘောဖြင့် အာဆင်နယ် အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း ပြန်စပြီး မကြာမီ အာဆင်နယ်ဂိုးဧရိယာအတွင်း ရွှန်နေအား အယ်လ်မူနီယာ ခြေထောက်ကို ဖမ်းထား မိခဲ့၍ မန်ယူတို့ ပယ်နယ်တီကန်ခွင့်ရခဲ့ သည်။ ယင်းပယ်နယ်တီကို ရွှန်နေကပင် ကန်သွင်းယူခဲ့သည်။

တိုက်စစ်ဆင်

တစ်ဖက် တစ်ဂိုးစီဖြစ်နေချိန်တွင် မန်ယူတို့ တိုက်စစ်ဆင် ကစားခဲ့စဉ် မန်ယူကွင်းလယ်မှ ဖြတ်တင်လိုက်သော ဘောလုံးကို ဒီယာဘိုင် ခေါင်းတိုက် ဖျက်ထုတ်ရာတွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်း မိ၍ မန်ယူတို့ လက်ဆောင်ဂိုး ရခဲ့သည်။ ပွဲအပြီး၌ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

မန်ယူမှနာနီ (ယာ)နှင့် အာဆင်နယ်မှဒီနယ်လ်ဆင်တို့ ဤသို့ အကြိတ် အနယ်....။ (အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီး အသင်းက အိမ်ကွင်း၌ ဘန်လေအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင် ရပြီး လေးပွဲဆက်တိုက်အဖြစ် အောင်ပွဲ ခံခဲ့သည်။

ဂိုးသွင်းခွင့်ကြုံ

ဘန်လေတို့ အဝေးကွင်း ကစားခဲ့ရ သော်လည်း မာတင်ပါတာဆင် စောစီးစွာ ဂိုးသွင်းခွင့်ကြုံခဲ့သည်။ သို့သော် ဂိုးအဖြစ် မပြောင်းလဲနိုင်၍ အချည်းအနှီး ဖြစ်ခဲ့ရ သည်။ ချယ်လ်ဆီးတို့ စတမ်းဖို့ဒ်ဘရစ်ချ် အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း ဘန်လေ နောက်တန်းကို မကျော်လွှားနိုင်ခဲ့ပေ။

ထိုးဖောက်

ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ် ကာ၊ ဒရော့ဘာတို့ အတွဲသည် အဖွင့်ဂိုး ရရှိရေးအတွက် ပထမပိုင်း တစ်ချိန်လုံး ဘန်လေ နောက်တန်းကို ထိုးဖောက်ခဲ့ သည်။ ပထမပိုင်း နာကျင်ထိခိုက်ချိန် အတွက် ကွင်းလယ်ဒိုင်လူကြီးက နှစ်မိနစ် ပိုပေးခဲ့သည်။ ယင်းနှစ်မိနစ်၏ ပထမ မိနစ်အတွင်းမှာပင် ဒရော့ဘာ ဖြတ်တင် ပေးသော ဘောမှတစ်ဆင့် အနယ်လ်ကာ ဘောလုံးရသွားပြီး ဘန်လေ ဂိုးဧရိယာ အတွင်းမှ ကန်သွင်းခဲ့ရာ ဘန်လေဂိုး သမား၏ ဝဲဘက်အောက် ထောင့်ထဲသို့ လှလှပပ ဂိုးဝင်သွားခဲ့သည်။

ဒုတိယပိုင်း

ချယ်လ်ဆီးတို့ တစ်ဂိုးအသာ ရထား သဖြင့် ကစားကွက် မြိုင်လာခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ပွဲသိမ်းဂိုးကို အက်ရှ်လေကိုးလ်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်း ပြန်စသည်နှင့် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး နှစ်မိနစ် အတွင်းမှာပင် လမ်းပတ်ဖြတ်တင်ပေးသော ဘောလုံးမှတစ်ဆင့် ဘောလက် ခေါင်းတိုက် သွင်းယူခဲ့၍ ချယ်လ်ဆီးတို့ ဒုတိယဂိုး ရရှိ ခဲ့ပြန်သည်။

ဘန်လေတို့ ခံစစ်အတွင်းချယ်လ်ဆီး ကွင်းလယ်ကစားသမားများက ဆက်တိုက် ဘောလုံးဖြန့်ချပေးခဲ့ရာ ပွဲချိန်၅၁မိနစ်တွင် အက်ရှ်လေကိုးလ် ဘောလုံးရသွားပြီး ဘန်လေဂိုးဧရိယာအစွန်းမှ အမြောက်ကန် သွင်းခဲ့သဖြင့် ဂိုးသမား၏ ညာဘက် အပေါ်ထောင့်ထဲသို့ ဂိုးဝင်သွားခဲ့သည်။

သုံးဂိုးပြတ်

ယင်းဂိုးသွင်းပြီး မကြာမီ ချယ်လ်ဆီး နည်းပြ အန်ဆယ်လော့တီက အဓိက ကစားသမားများဖြစ်သည့် ဘောလက်နှင့် ဒရော့ဘာတို့ကို အနားပေးပြီး မီခေးလ်နှင့် ကာလူးတို့ကိုထည့်ကစားခဲ့သည်။ ပွဲအပြီး ချယ်လ်ဆီးက သုံးဂိုးပြတ်ဖြင့် အနိုင်ရ ခဲ့သည်။ ယင်းအနိုင်ပွဲသည် ချယ်လ်ဆီးတို့ ယခုနှစ် ပရီမီယာလိဂ်လေးပွဲ ကစား ရာတွင် လေးပွဲဆက်တိုက်အဖြစ် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။

စပါးနိုင်ပွဲဆက်

ယခုနှစ် ပရီမီယာလိဂ်တွင် ခြေစွမ်း ပြနေသည့် စပါးအသင်းက အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ချယ်လ်ဆီးနှင့်အတူ လေးပွဲ ဆက်တိုက်အနိုင်ရသည့်အသင်း ဖြစ်လာသည်။

စပါးနှင့်ဘာမင်ဂမ်တို့ အဖွင့်ဂိုး ရရှိ အောင် အပြန်အလှန် ထိုးဖောက်ကစားခဲ့ သော်လည်း ပထမပိုင်း ပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်း ၇၂မိနစ် အရောက်တွင် လီဗာပူးတိုက်စစ်မှူးဟောင်း ပီတာခရော့ချ်က စပါးအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ သို့သော်လည်း ဘာမင်ဂမ် ကစားသမားလီဘောင်ယာက သုံးမိနစ် အကြာတွင် ပြန်လည်ချေပဂိုး သွင်းယူခဲ့ သည်။

ရာသီအဖွင့်

စပါးအသင်း၏အနိုင်ဂိုးကို တောင်ပံ ကစားသမားလင်နွန်က ပွဲသိမ်းလေလွင့် ချိန် ငါးမိနစ်အတွင်း ဝဲတောင်ပံမှ ဆွဲပြေး သွားပြီး ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲအပြီး စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင် ရလိုက်၍ ရာသီအဖွင့် နိုင်ပွဲဆက်မှုကို ဆက်ထိန်းထားနိုင်ခဲ့သည်။

လီဗာပူးနိုင်ပြီ

ပြီးခဲ့သော သီတင်းပတ်က ဗီလာကို ရှုံးနိမ့်ခဲ့၍ မျက်နှာမရဖြစ်နေသော လီဗာပူး နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ဘော်လ်တန်ကွင်းတွင် စတီဗင်ဂျရတ်၏ ပွဲသိမ်းဂိုးကြောင့် ပြုံးပျော်နိုင်ခဲ့သည်။

ဦးဆောင်ဂိုး

ပွဲစပြီး ၃၃မိနစ်အကြာ ကီဗင်ဒါး ဗီးစ်က အိမ်ရှင်ဘော်လ်တန်အတွက် အဖွင့် ဂိုးသွင်းယူခဲ့သည်။ သို့သော် ပထမပိုင်း ပွဲပြီးရန် လေးမိနစ်အလိုတွင် ဂလင် ဂျွန်ဆင်က လီဗာပူးအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ပြန်စပြီး နှစ်မိနစ် အကြာတွင် တာမီယာကိုဟင်က ဘော်လ်တန်အတွက် ဦးဆောင်ဂိုး သွင်းယူ ခဲ့ပြန်သည်။

ပွဲချိန် ၅၆မိနစ်တွင် လီဗာပူးအသင်း ခေါင်းဆောင် ဂျရတ် ပြစ်ဒဏ်ဘောကန်ခဲ့ သောဘောလုံးဘားတန်းထိပြီး ပြန်ထွက် လာရာ တိုက်စစ်မှူး တောရက်စ် အမိအရ ကန်သွင်းလိုက်၍ လီဗာပူးတို့ ချေပဂိုး ရခဲ့သည်။ တစ်ဖက်နှစ်ဂိုးစီ သရေ ဖြစ်နေချိန် အနိုင်ဂိုးသွင်းနိုင်ရေး ရေကုန် ရေခန်း ကြိုးစားခဲ့ရာ ပွဲပြီးရန် ခုနစ်မိနစ် အလိုတွင် စတီဗင်ဂျရတ်က အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

အခြားပွဲများ

အခြားပွဲများအဖြစ် ဘလက်ဘန်းနှင့် ဝက်စ်ဟမ်းတို့ ကစားရာတွင် ဂိုးမရှိ ပွဲသိမ်းခဲ့ပြီး စတုတ်စီးတီးက အိမ်ကွင်း၌ ဆန်းဒါးလန်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ သည်။ ဝုလ်ဗာဟမ်တန်နှင့် ဟူးလ်စီးတီးတို့ ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ သည်။ ။

(အင်တာနက်)

ဖောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုး စုစည်းရေးသားသည်

အိမ်စီးကားသန့် ရောင်းမည်

90 Model CE96 TOYOTA Corolla Van Diesel (6A/xxxx)

ဖုန်း - ၀၉၅၁၁၀၃၃၃

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း

မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန ကိုးသိန်း (India Airline)

(၁၇)ညအိပ် ၁၈ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန၊နယူးဒေလီ(3 Stars Hotel)+(တပ်ချိမဟာ+ဝင်ကြေး)+ကိုလ်ကတ္တား ကျပ်၁၀သိန်းငါးသောင်း။

အိန္ဒိယလေကြောင်းလိုင်းဖြင့် ဗုဒ္ဓဂယာသို့ တိုက်ရိုက်ပို့ဆောင်ပေးပြီး Aircon Bus ကားသစ်များဖြင့် လှည့်လည်၍ အဆင့်မြင့် ဘုန်းတော်ကြီးကျောင်းများ၌ တည်းခိုပြီး အကောင်းဆုံး မြန်မာထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးပါမည်။ စားစရိတ်+တည်းခိုစရိတ်+ Passport+ Visa+ Airticket+မိတ္တူ+စာရွက်စာတမ်းကြေးများပါဝင်ပြီး ဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်း/ပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အာမခံပါသည်။ ဝါကျွတ်ပွဲတော်တွင် လိုက်ပါမည့်ခရီးသည် ၁၀၀အား လေယာဉ်လက်မှတ်သုံးစောင်ကို ကံစမ်းမဲဖောက်၍ မေတ္တာတုံ့ပြန်ပေးမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံး၀)မဆုံးရှုံးပါ။

ထွက်ခွာမည့်နေ့ - အောက်တိုဘာလတွင် (၂-၁၀-၂၀၀၉)၊ (၅-၁၀-၂၀၀၉)၊ (၁၆-၁၀-၂၀၀၉)၊ (၁၉-၁၀-၂၀၀၉)၊ (၃၀-၁၀-၂၀၀၉)၊

နိုဝင်ဘာလတွင် (၂-၁၁-၂၀၀၉)၊ (၆-၁၁-၂၀၀၉)၊ (၁၆-၁၁-၂၀၀၉)၊ (၂၀-၁၁-၂၀၀၉)၊ (၂၇-၁၁-၂၀၀၉)၊ (၃၀-၁၁-၂၀၀၉)

မှတ်ချက်။ (၁၂)ရက် ခရီးစဉ်ကို အဖွဲ့လိုက်သွားမည်ဆိုပါက အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။

အမှတ် ၃၁၅၊မြေညီထပ်၊ရွှေဘုံသာလမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

သင်တန်းအပ်လက်ခံရာနေရာ - အမှတ် ၂၄၉၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

[မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့်ကပ်လျက်]

ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀-၀၄၀၃၃၊

Open (7:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်း သက်သေခံ အောင်လက်မှတ် ထုတ်ပေးမည်။
- အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ ဦးသာ သတ်မှတ်ထားသည်။ သင်တန်းအပ် လက်ခံနေပြီ။
- တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်ငါးရက်)

အပတ်စဉ် (၈၉၅) ၇-၉-၂၀၀၉ရက် စမည်။ တနင်္လာမှ သောကြာ နေ့စဉ်

အပတ်စဉ် (၈၉၆) ၁၀-၉-၂၀၀၉ရက် စမည်။ တနင်္လာမှ သောကြာ နေ့စဉ်

နှစ်လပြတ် အထူးသင်တန်း (တစ်ပတ်နှစ်ရက်)

အပတ်စဉ် (၈၉၇) ၈-၉-၂၀၀၉ရက် စမည်။ အင်္ဂါနှင့် ဗုဒ္ဓဟူး၊

အပတ်စဉ် (၈၉၈) ၁၀-၉-၂၀၀၉ရက် စမည်။ ကြာသပတေးနှင့် သောကြာ၊

အပတ်စဉ် (၈၉၉) ၁၂-၉-၂၀၀၉ရက် စမည်။ စနေနှင့် တနင်္ဂနွေ။

သုံးလပြတ် အထူးသင်တန်းများ (တစ်ပတ် တစ်ရက်တည်းသာ)

အပတ်စဉ် (၉၀၀) ၁၂-၉-၂၀၀၉ ရက်စမည်။ စနေနေ့ တစ်ရက်တည်းသာ။

အပတ်စဉ် (၉၀၁) ၁၃-၉-၂၀၀၉ ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။

မည်သည့်လပြတ် သင်တန်းအတွက်မဆို အချိန်ဇယား

နံနက်ပိုင်း	(I)	9:00 am to 12:00 pm
မွန်းလွဲပိုင်း	(II)	1:30 pm to 4:30 pm
ညနေပိုင်း	(III)	6:00 pm to 8:00 pm

ပြည်ပအလုပ်အကိုင်ကြော်ငြာ

... Oil&Petrochemical Construction ... Electrical & Mechanical, Degree/Diploma ... Engineerများနှင့်လုပ်သားများ ...

စဉ်	ရာထူး	ရရှိမည့် လစာ
1	PROJECT MANAGER (E&I)	S$ 4000 - S$ 5000
2	SENIOR QA/QC ENGINEER(E & I)	S$ 3501 - S$ 5000
3	QA/QC ENGINEER(E&I)	S$ 2000 - S$ 3000
4	SENIOR PROJECT ENGINEER(E&I)	S$ 3501 - S$ 4000
5	PROJECT ENGINEER(E&I)	S$ 2000 - S$ 3000
6	PROCUREMENT MANAGER	S$ 3000 - S$ 4000
7	FIELD ENGINEER(E&I)	S$ 2000 - S$ 3500
8	SUPERVISOR (E&I)	S$ 2000 - S$ 3000
9	FOREMAN(E&I)	S$ 900 - S$ 2100
10	PROJECT PLANNER(E&I)	S$ 2000 - S$ 3000
11	QA/QC INSPECTOR (Electrical)	S$ 1800 - S$ 2100
12	QA/QC INSPECTOR (Instrument)	S$ 1800 - S$ 2300
13	ENGINEER (EQUIPMENT)	S$ 2000 - S$ 2500
14	ENGINEER (PIPING)	S$ 2000 - S$ 2500
15	ENGINEER (TANKAGE)	S$ 2000 - S$ 2500
16	ENGINEER (EXPEDITOR)	S$ 2000 - S$ 2500

သုခစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

Tel: 392233/377576/386877/385758, website : tkastkas.com

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးအောင်မင်း (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်)၏ ၃၀-၈-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့မှသည် ဘ၀ခရီးလမ်းတစ်လျှောက်တွင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ပါစေရန် ဆုတောင်းအပ်ပါသည်-

ညီ/ညီမ - ကျော်စွာ၊ မာလာ၊

တူ/တူမ - ထင်မှုယာကျော်

ဝေယံကျော်၊ ဆုပြည့်စုံကျော်

အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေးဟောပြော

ရန်ကုန် ဩဂုတ် ၂၉

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှကျင်းပသည့် အလုပ်သမားများ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဟောပြော

ဆက်လက်၍ မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိဦးစောစိုးတင့်က တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များအား ၁၉၅၉ခုနှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေးဥပဒေ၊ ၁၉၆၀ ပြည့်နှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေးနည်းဥပဒေများကို ဆွေးနွေးကြောင်းသိရသည်။ **(၁၃၅)**

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပျဉ်းလှတောကျေးရွာအုပ်စု ကားချားကျေးရွာ မိုးသောက်ကြယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ပွားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

အခြေခံပန်းအလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်း(၃/၂၀၀၉)ကို စက်တင်ဘာ ၁၄ရက်မှ ၂၁ရက်အထိ မွန်းလွဲ၁နာရီမှ ညနေ၃နာရီအတွင်း သင်တန်းသား သင်တန်းသူ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ်တစ်သောင်း သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်- ၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆက်လက်ဖွင့်လှစ်

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းသည် အလားတူပင် နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေခံနှင့် အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်းများ၊ သစ်သီးပုံဖော် (Fruit Curving)သင်တန်း၊ စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်းနှင့် ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းများကိုလည်း မကြာမီတွင် ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။ **(၁၇၃)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၃၃)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၃၃)၌ **စီးပွားရေးအကျပ်အတည်းနှင့် လူကုန်ကူးမှု** မျက်မှောက်ရေးရာ သုံးသပ်ချက် အထူးသတင်းဆောင်းပါးနှင့်အတူ ရှေးဟောင်းအမွေအနှစ်ကို ဖော်ထုတ်ထားသည့် ဆရာချစ်စံဝင်းရေးသော **'တမုတ်မြို့ဟောင်း ရွှေဂူကြီးမှ အကောင်းပကတိ ပုဂံခေတ်လက်ရာများ'**၊ ဒေါက်တာအောင်သိန်း၏ **'ပျူအင်ပါယာ'** Myanmar Discovery၊ ဆရာသန်းငြိမ်းအေး၏ လက်ရာ **'လင်းတငှက်ပေါက်လေးများပမာ'** Myanmar Channel၊ ကွမ်းခြံကုန်းအနီး မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွား၊ အယ်လ်နီညိုကြောင့် လာမည့်မုန်တိုင်းရာသီကို အထူးဂရုပြုကြရန်လို၊ ရန်ကုန်မြို့တွင် လင်မယားနှစ်ဦး စကားများရန်ဖြစ်ကြရာက တိုက်ပေါ်မှ ပြုတ်ကျသေဆုံး၊ ကွန်ပျူတာဟတ်ဝဲလ်များ အာမခံထားနိုင်ပြီ၊ ကလေးကစားစရာဝယ်ရာတွင် မိဘများကျန်းမာရေးအသိရှိသင့်၊ ရန်ကုန်တိုင်းအတွင်း ဆိုင်ကယ်ကယ်ရီ ပြေးဆွဲမှုပပျောက်စေရန် အရေးယူမှုများပြုလုပ်၊ ထီဂဏန်းပြင်ရေးကာ ငွေကျပ် သိန်း၃၀ လိမ်ယူမှုဖြစ်ပွား စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ထိရောင်းသူကိုအောင်ထွန်း၏ **'ကျွန်တော်ဖြစ်ချင်တာတွေလုပ်နိုင်ဖို့ ကျွန်တော် မလုပ်ချင်တာတွေ လုပ်နေရတယ်'** သူ့ဘ၀ သူ့ဒဿန၊ **'သမိုင်းကြောင်းပြမြန်မာတံဆိပ်ခေါင်းများ'** ကဲ့သို့သော ရှုမြင်သုံးသပ်ချက် ဖတ်စရာများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဆရာမြင့်နောင်မိုး၏ **'ဟိတ်ဟန်များသော အတွေးအခေါ်ကတိုင်းပြည်အတွက် အန္တရာယ်ရှိ'** နိုင်ငံတကာရေးရာ သုံးသပ်ဆောင်းပါးနှင့်အတူ အီရန်နှင့် ဆက်ဆံရေးအတွက် အနောက်အနေဖြင့် ခံစားချက်ကို ဦးစားပေးမည်လား၊ Stanford တက္ကသိုလ်မှ ပါရဂူဘွဲ့ရက စင်ကာပူတွင် တက္ကစီယာဉ်မောင်းလုပ်နေ၊ မိန်းမလှလေးတစ်ဦးက လုံခြုံရေး အစောင့်များ တင်းကျပ်စွာချထားသော ဘဏ်တစ်ခုအတွင်းသို့ ဝင်ရောက်ဓားပြတိုက်၊ အိပ်ပျော်နေစဉ် ဟောက်တတ်သောအမျိုးသားများ စောစီးစွာ အသက်သေဆုံးရန် အလားအလာ နှစ်ဆရှိ၊ ကမ္ဘာကြီးပူနွေးလာမှုက ကျောက်ခေတ်လယ်သမားများတွင် တာဝန်ရှိသည် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ရှန်ဟဲအမျိုးသမီးအလေးမအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ-တရုတ် နှစ်နိုင်ငံ အားကစား ပူးပေါင်းဖလှယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးတို့အတွက် မြန်မာအမျိုးသမီး အလေးမအဖွဲ့နှင့် အတူ ပူးပေါင်းလေ့ကျင့်ရန် Mr. Cai Ting hua ခေါင်းဆောင်သောအဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှန်ဟဲအမျိုးသမီးအလေးမအဖွဲ့သည် ဩဂုတ် ၁၂ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်းရှိ အလေးမလေ့ကျင့်ရေးခန်းမ၌ ဩဂုတ် ၂၈ရက်အထိ ပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကာ ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ရှန်ဟဲအမျိုးသမီး အလေးမအဖွဲ့အား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်း၊ အမှုဆောင်များနှင့် အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အာဟာရတိုက်ကျွေး

ဩဂုတ် ၂၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၉)ရပ်ကွက် ပါရမီ ဦးအောင်ကြီး-ဒေါ်သောင်းတို့က မြေးဖြစ်သူ မသီဂီ မွေးနေ့အထိမ်းအမှတ် မြို့မ အလကကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်စေရေးနှင့် မိတ္ထီလာကန် ရေသန့်ရှင်းမှုရှိစေရေးအတွက် ရေဆိုးများ စီးဝင်မှုမရှိစေရန် ရေဆိုးမြောင်းအတွင်း အမှိုက်၊ ဒိုက်နှင့် နွံဆယ်ခြင်း၊ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ရက်က ကျောက်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းခွင်သို့ လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးသူဇာလှ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူမင်နှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူနှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
1.	Newsprint Paper (48.8gsm) (30")	3000 Tons
2.	Woodfree Paper (70gsm) (500Shts/Pkt)	
	(a) (31"x43") (Indonesia)	500 Pkts
	(b) (16½"x 11¾") (A3 Size)	750 Pkts
	(c) (8¼"x 11¾") (A4 Size)	1500 Pkts
3.	Web Offset Ink	
	(a) Black	66,000Kg
	(b) Magenta	1800Kg
	(c) Cyan	1800Kg
	(d) Yellow	1800 Kg
4.	Sheetfed Offset Ink (Black)	4,500Kg
5.	P.S Negative Plates	
	(a) 915x626x0.3mm	1,500Shts
	(b) 889x586x0.3mm	6,000Shts
	(c) 889x609x0.3mm	3,000Shts
6.	Wipe On Aluminium Plate (745x635x0.24mm)	1,500Shts
7.	P.S Negative Developer	650 Litre
8.	Coating A+B Set	450Sets
9.	Developing Lacquer	450Litre
10.	Ortho Film (Roll) (24"x200')	150Rolls
11.	Ortho Film (Sheet) (22"x32") (50 Sht/Box)	270Boxes
12.	Film Developer (10 Lit/Bot)	140Bots
13.	Film Fixer (5 Lit/Bot)	140 Bots
14.	A3 Toner HP Laser Jet 5000N	100Boxes
15.	A3 Toner HP Laser Jet 5200N	60Boxes
16.	Rubber Blanket With T-Bar 890x625x1.95mm	100Shts
17.	Stencil Paper (48 Sht/Box)	450Boxes
18.	Duplicating Ink Tube	450Boxes
19.	Gum Arabic	600Litre
20.	Rubber Blanket	
	(a) (765x780x1.95)mm	45Shts
	(b) (675x645x1.95)mm	90Shts
21.	Imagesetter (နေပြည်တော်)	
	(a) Film (76.8cm x 61m)	70Rolls
	(b) Developer	540Litre
	(c) Fixer	540Litre
22.	Imagesetter (ရန်ကုန်)	
	(a) Film (61cmx60m)	70Rolls
	(b) Developer	540Litre
	(c) Fixer	540Litre
23.	Thermal Plate(889x609x0.30)mm	1500Shts
24.	Developer (Thermal Plate)	150Litre

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၉-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ
ထုခွဲရောင်းချရေးဆပ်ကော်မတီ

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ပြင်ဆင်ဖတ်ရှုပါရန်

၁။ ၂၄-၇-၂၀၀၉ရက်နေ့ထုတ် မြန်မာ့အလင်း စာမျက်နှာ(၁၆)နှင့် ကြေးမုံစာမျက်နှာ(၁၅)၊ ၂၆-၇-၂၀၀၉ရက်နေ့ထုတ် မြန်မာ့အလင်းစာမျက်နှာ(၁၇)နှင့် ကြေးမုံစာမျက်နှာ(၁၅) တင်ဒါကြော်ငြာတွင် အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်-

သတင်းစာအမှတ်စဉ်		သတင်းစာပါတည်နေရာ	ပြင်ဆင်ချက်
		သမဝါယမဝန်ကြီးဌာန	
၃	၄၃	လမ်းမတော်မြို့နယ် အမှတ်(၁၈၄)၊ ဝါးတန်းလမ်း အလျား ၄၀' ×အနံ ၂၀' မြေညီထပ်	ပယ်ဖျက်
၄	၆၁	လသာမြို့နယ် အမှတ်(၇၀၀)၊ မဟာဗန္ဓုလလမ်း၊ အလျား ၁၅' ×အနံ ၅၀' မြေညီထပ်	ပယ်ဖျက်
၅	၆၉	ဗိုလ်တထောင်မြို့နယ် အမှတ်(၁၃၈) ဘိုကလေးဈေးလမ်း အလျား ၂၅' × အနံ ၆၀' မြေညီထပ်	အမှတ်(၁၃၈)ဘိုကလေးဈေးလမ်း အစား အမှတ်(၁၃၆)ဘိုကလေးဈေးလမ်း
၇	၇၆	မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၉၅)၊ ဒေါ်သိန်းတင်လမ်း အလျား ၁၂'× အနံ ၅၀' မြေညီထပ်	ပယ်ဖျက်
		စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	
၁	၈၅	ကျောက်တံတားမြို့နယ် အမှတ်(၁၅၅)၊ ၃၇လမ်း အလျား ၂၇'× အနံ၄၀' မြေညီထပ်	အမှတ်(၁၅၅)၊ ၃၇လမ်းအစား အမှတ်(၁၅၃)၊၃၇လမ်း အကျယ်အဝန်း (၂၇'× ၄၀')အစား (၂၅'×၄၀')
	၈၆	အမှတ်(၁၅၇)၊ ၃၇လမ်း အလျား ၃၇'× အနံ၄၀' မြေညီထပ်	အမှတ်(၁၅၇)၊ ၃၇လမ်းအစား အမှတ် (၁၅၅/၁၅၇)၊ ၃၇လမ်း အကျယ်အဝန်း (၃၇'× ၄၀')အစား (၄၀'×၄၀')
	၉၄	အမှတ်(၂၅၆/၂၇၆)၊ မဟာဗန္ဓုလပန်းခြံလမ်း (၁၂'×၆၀') မြေညီထပ်	အမှတ်(၂၅၆/၂၇၆)၊ မဟာဗန္ဓုလပန်းခြံလမ်း(၁၂'×၆၀') မြေညီထပ်၊ အခန်းအမှတ်(၄)
	၁၀၀	အမှတ်(၄၀၄)၊ မဟာဗန္ဓုလလမ်း အလျား ၆၃'×အနံ ၅၀'နှစ်ထပ်တိုက်တစ်လုံး	အလျား ၆၃'×အနံ ၅၀' နှစ်ထပ်တိုက်တစ်လုံးအစား အလျား ၆၃'×အနံ ၅၀' မြေညီထပ်ခန်းနှင့်ဌာနပိုင်မြေ အကျယ်အဝန်း (၆၅'/၅၀'×၁၀၁'/၅၀'+၅၁')
၅	၁၂၆	ဗိုလ်တထောင်မြို့နယ် အမှတ်(၁၁၈/၁၂၂)၊ဗိုလ်အောင်ကျော်လမ်း အလျား ၅၅'× အနံ ၂၅'ရှိ မြေညီထပ်တိုက်ခန်း နှစ်ခန်း	အလျား၅၅'×အနံ ၂၅'ရှိ မြေညီထပ် တိုက်ခန်းနှစ်ခန်းအစား အလျား ၃၈'× အနံ ၆၀'ရှိ မြေညီထပ်တိုက်ခန်းတစ်ခန်း
	၁၃၀	အမှတ် (၁၁/၁၇)ဘိုကလေးဈေးလမ်း အလျား ၈၀'×အနံ ၆၀' RC လေးထပ်တိုက် တစ်လုံးနှင့် အလျား ၂၅'×အနံ ၆၀'ရှိဂိုဒေါင်တစ်လုံး	အလျား၈၀'×အနံ ၆၀' RC လေးထပ်တိုက်တစ်လုံးနှင့် အလျား ၂၅'× အနံ ၆၀'ရှိ ဂိုဒေါင်တစ်လုံးအစား အလျား ၁၀၀'× အနံ ၆၀'RC လေးထပ်တိုက်တစ်လုံး
		စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	
၁၀	၁၃၆	ကျောက်တန်းမြို့နယ် အမှတ်(၁၄/၂၀၁၉)၊ ကမ်းနားလမ်း၊ အလျား ၄၀'×အနံ ၂၇' ရှိ နှစ်ထပ်အဆောက်အအုံတစ်လုံး	အမှတ်(၁၄/၂၀၁၉)၊ ကမ်းနားလမ်းအစား အမှတ် (၁၅၆)၊ ကမ်းနားလမ်း အကျယ်အဝန်း (၄၀'×၂၇')အစား(၅၈'×၂၉')
၁၂	၁၃၈	လှိုင်သာယာမြို့နယ် အမှတ်၄/၅၊ဗိုလ်အောင်ကျော်လမ်းနှင့်ဘုရင့်နောင်လမ်း ထောင့်၊ အလျား ၂၇'×အနံ ၂၅' ရှိ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်အဆောက်အအုံတစ်လုံး မြေအကျယ်အဝန်း (၈၀'×၆၀')	အမှတ် (၄/၅)၊ ဗိုလ်အောင်ကျော်လမ်းနှင့်ဘုရင့်နောင် လမ်းထောင့်အစား မြေတိုင်း ရပ်ကွက် အမှတ်(၂/၄)၊ မြေကွက် အမှတ်(၁)မဟာဗောဂလမ်းနှင့်ပီမိုး နင်းလမ်းထောင့် မြေအကျယ်အဝန်း (၈၀'×၆၀')အစား(၄၀'×၆၀')

ရောင်းမည်
(ဆေးခန်းဖွင့်လိုသူ လှူဒါန်းလိုသူအတွက်)

လက်ရှိလုပ်ကိုင်နေသော ဆေးခန်းလုပ်ငန်း ECG Ultrasound နှင့် ဓာတ်ခွဲခန်းပစ္စည်းစုံ ရောင်းမည်။ လှူဒါန်းလိုသူများကို အထူးညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဖုန်း-၂၉၅၆၈၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးမင်းမင်းစိုး ၁၄/ညတန(နိုင်)၀၉၂၆၀၀ ပိုင်ဆိုင်သော ဖုန်းနံပါတ်- ၀၉-၅၀-၄၆၄၄၇ ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါရန်။

ဦးအေးမင်းမင်းစိုး
ဖုန်း-၀၉-၅၀-၄၆၄၄၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဖြိုးဝင်းလှိုင်၏ CDC စာအုပ်-၅၁၆၉၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကကျေးဇူးဆပ်ပါမည်။

ဖုန်း-၂၄၃၉၆၇။

မွေးသက္ကရာဇ်အမှန်

အဖဦးရှင်းရမ်၏သား မင်္ဂလာဒုံ အထက(၁) နဝမတန်း(G)မှ မောင်ခေါင်လန်ရှင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၄-၁၉၉၄ ဖြစ်ပါကြောင်း။

ခွေးရောင်းမည်

ခြံစောင့်နှင့်သားဖောက်ရန်အဆင်သင့် ၁၀လအရွယ် DOBERMAN အထီးတစ်ကောင်ရောင်းမည်။

အမှတ်-၂၅၊ ဘောက်ထော် ဘူတာရုံလမ်း၊ ရန်ကင်း၊ ရန်ကုန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၁၄၇၆ မစ်ဆူဘီရှီ လင်ဆာဆလွန်း(၄×၂) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုပို ၁၂/ရပသ(နိုင်) ၀၅၉၅၈၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ (အနောက်ပိုင်းခရိုင်ရုံး) သဃင်္ဃန်းကျွန်းမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၅၃၀၃ ယာဉ်လက်ရှိသူ ဦးအေးမောင် ၅/ကလထ(နိုင်)၀၁၂၇၃၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး) ကလေးမြို့။

သင့်သွေးဖြင့်အသက်ကယ်ပါ

ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကသာ၌ကျင်းပ

ကသာ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်း ကသာခရိုင် ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ် ၂၁ရက် နံနက် ၉နာရီက ကသာမြို့ ရောရွှေလီအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး နေမျိုးသန့်၊ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိ ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးနေမျိုးသန့်၊ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများရှိ ဆားရောင်းချသည့် ဈေးဆိုင်များအတွင်း အိုင်အိုဒင်းပါဝင်သော ဆားများ ရောင်းချခြင်း ရှိ မရှိကို ဩဂုတ် ၁၂ရက်က ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဦးဝဏ္ဏထွန်း ဦးဆောင်သည့် အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့သာယာလှပရေး မိုးမောက်၌ဆောင်ရွက်

မိုးမောက် ဩဂုတ် ၂၄

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ရက်က ငြိမ်းချမ်းသာယာလမ်း မန္တလေးဘုန်းကြီး ကျောင်းရှေ့ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းစိုးဦးတို့က ကြီးကြပ်ဆောင်ရွက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့ ဆေးရုံတွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

ဟိုပင် ဩဂုတ် ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟိုပင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဩဂုတ် ၈ရက် နံနက် ၇နာရီက အဆိုပါဆေးရုံဝင်းအတွင်း၌ ဆောင်ရွက်သည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ဆေးရုံဝင်းအတွင်း ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ်၁၅ရက်က ခနောဖြူမြို့နယ်အတွင်း မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခနောဖြူမြို့ပေါ်ရှိ အမက ကျောင်းများတွင် ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့နယ်ဆရာဝန် ဒေါက်တာသီတာဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ ဖွံ့ဖြိုးတိုးတက်လာသည့် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ

မွန်ပြည်နယ် သထုံခရိုင်အတွင်း ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်းတစ်လျှောက် စီးပွားဖြစ်စိုက်ပျိုးထားသည့် ရော်ဘာပင်ပျိုးများကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

သတင်းခရီးသည် - ဝင်းရွှေ (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စီမံကိန်းချမှတ်ဖော်ဆောင်လျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။

ဆက်စပ်ဖွံ့ဖြိုး

လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖြည့်ဆည်းပေးသဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများ ဆက်စပ်ဖွံ့ဖြိုးလာလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေး အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လျှင် အောင်မြင်လာနိုင်

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၉

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာလျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ ဖြစ်ပေါ်လာသည်။ ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုများက လူနှင့်သက်ရှိသတ္တဝါတို့၏ အသက်ရှင်နေထိုင်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများလည်း ဆက်စပ်ဖြစ်ပေါ်လာသည်။

စာမျက်နှာ ၉ ကော်လံ ၄ ❐

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် လူနာတစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၀ ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၉

အသက် ၄၄နှစ်အရွယ် အမျိုးသားတစ်ဦး ဖျားသဖြင့် ဩဂုတ် ၂၈ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုး တွေ့ရှိရကြောင်း သိရှိရသည်။

စမ်းသပ်စစ်ဆေး

လူနာနှင့် အတူနေမိသားစုဝင် ငါးဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine) ကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေး ရောဂါဖြစ်ပွားသူ ၃၀ရှိပြီး

စာမျက်နှာ ၃ ကော်လံ ၅ ●